# Voice of Burma

*Published by Voice of Burma Information GroupIssue No. 737, NOVEMBER 22, 2009*



**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**


## ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ဒေါ်အောင်ဆန်းစုကြည်၏ ပေးစာ အပြည့်အစုံ

**DVB ၊ နိုဝင်ဘာ ၁၇ ။** ။ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်အတွက် အကျိုးကျေးဇူးရှိစေမယ့်ကိစ္စတွေ ဆွေးနွေးဖို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ တွေ့ဆုံခွင့် တောင်းဆိုလိုက်တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထောက်ခံကြောင်း ဒီနေ့ တရားဝင်ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၁ ရက်နေ့စွဲနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရေးပို့လိုက်တဲ့စာကိုလည်း ပူးတွဲထုတ်ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့စာမှာ အချက် ၆ ချက်ပါရှိပြီး၊ ပထမ ၁ အချက်က အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ်ကမ့်ဘဲလ်တို့အဖွဲ့ကို နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့တွေ့ဆုံညှိနှိုင်းမှုတွေ ပြုလုပ်နိုင်အောင် စီစဉ်ပေးတာကို ကျေးဇူးတင်ကြောင်း ပြောကြားထားပါတယ်။ နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဒေါ်အောင်ဆန်း စုကြည်ပေးပို့လိုက်တဲ့ စာပါအချက် ၂ နဲ့ ၃ ကို အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ဖတ်ပြပါတယ်။

"၂။ မြန်မာနိုင်ငံအပေါ်ချမှတ်ခဲ့သော ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရေးအတွက် ကျမအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ပိတ်ဆို့အရေးယူမှုများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုကြောင်း တင်ပြချက်အပေါ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လိုအပ်သော စီစဉ်ဆောင်ရွက် ပေးမှုများကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ပါသည်။

"၃။ အခြားနိုင်ငံတော်အတွက်အကျိုးကျေးဇူးရှိမည့်လုပ်ငန်းများကိုလည်း ကျမအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။"

အချက် ၄ မှာ အဖွဲ့ချုပ်ရဲ့ လုပ်ငန်းစဉ်တွေ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ဦးတင်ဦး အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စုံညီအစည်းအဝေးကို သူ့ရဲ့နေအိမ်မှာ ကျင်းပနိုင်အောင်စီစဉ်ပေးဖို့နဲ့ ကျန်းမာရေးမကောင်းတဲ့ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူးဦးလွင်နဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင် တို့ကို သူတို့နေအိမ်တွေကို သွားရောက်ဂါရဝပြု ကန်တော့ခွင့်ကိုလိုက်လျော ဆောင်ရွက်ပေးဖို့တောင်းဆိုထားပါတယ်။ နောက်ဆုံးမှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံခွင့်ပြုဖို့ တောင်းဆိုထားတဲ့အချက်ကို ဦးဉာဏ်ဝင်းက ဖတ်ပြပါတယ်။

"၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ စုံညီတွေ့ဆုံပြီးနောက် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့်လုပ်ငန်းများကို ကျမအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်းတင်ပြအပ်ပါသည်။

၆။ ကျမအနေဖြင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းများအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဗိုလ်ချုပ်မှူးကြီးနှင့်တွေ့ဆုံတင်ပြခွင့်ပြုပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ စာဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က အချက်သုံးချက်နဲ့ပြောကြားပါတယ်။

"ဒါဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့လုပ်မယ့် လုပ်ငန်းစဉ်များအတွက် သို့မဟုတ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရည်မှန်းချက်များ၊ နိုင်ငံရေးရပ်တည်ချက်များ၊ လက်ရှိပေါ်ပေါက်နေတဲ့ တိုင်းပြည်ရဲ့အခြေအနေနဲ့ နိုင်ငံရေးအခြေအနေတွေ တရပ်လုံးအတွက် အလွန်ကို အရေးကြီးတယ်လို့ ယူဆပါတယ်။"

## ဒေါ်စုရဲ့ ပေးစာအပေါ် ဗိုလ်သန်းရွှေလိုက်လျောသင့်

**DVB ၊ နိုဝင်ဘာ ၁၉ ။** ။ နေအိမ်အကျယ်ချုပ်ကျနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ရဲ့ပေးစာကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ လိုက်လျောဖို့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေက တိုက်တွန်းတောင်းဆို လိုက်ပါတယ်။

**စာမျက်နှာ ၂ သို့**


**ဒေါ်စုက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တွေ့ဆုံဆွေးနွေးခွင့် တောင်းဆို** — **စာမျက်နှာ ၃**

**ဒေါ်အောင်ဆန်းစုကြည် လွှတ်ပါဟု အမေရိကန် သမတတိုက်ရိုက်တောင်းဆို** — **စာမျက်နှာ ၅**

**ဂလိုဘဲလ်ဖဲန်းအဖွဲ့ ကြီးမြန်မာ နိုင်ငံကိုအကူအညီတွေပြန်ပေး ဖို့ ဆုံးဖြတ်** — **စာမျက်နှာ ၁၂**

**ဂျပန် အလုပ်သွားလုပ်မည့် သူများ ရန်ကုန်မှာ ငွေ အလိမ်ခံရ နေကြရ** — **စာမျက်နှာ ၁၄**

**စစ်မှန်သည့်ဆွေးနွေးရေးလုပ်ရန် အဖွဲ့ ချုပ် လွှတ်မြောက်နယ်မြေ တောင်းဆို** — **စာမျက်နှာ ၁၈**

VOB အာဘော်

# အခြေအနေသဘောပေါက်လက်ခံရေးနှင့် လက်တွေ့ဖော်ဆောင်ရေး

အမေရိကန်သမတ ဘားရက်အိုဘားမားသည် ၄င်း၏ဂျပန်နိုင်ငံခရီးစဉ်နှင့် စင်္ကာပူတွင်ကျင်းပခဲ့သည့် အေပက် ထိပ်သီးအစည်းအဝေးအတွင်း မြန်မာ့ဒီမိုကရေစီခေါင်း ဆောင်ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန်နှင့် မြန်မာနိုင်ငံတွင်း စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရန် တိုက်တွန်းပြောဆိုခဲ့သည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံအပေါ်ထားရှိသည့်သဘောထားကို ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုခဲ့သည်။ ယခင်အစိုးရနှင့်မတူသည့် ဆက်ဆံရေးကို ပြောင်းလဲကာ ချဉ်းကပ်မှုအသစ်ကို ကျင့်သုံးလာခဲ့သည်။ စစ်အာဏာပိုင်များနှင့်တိုက်ရိုက်ဆက်ဆံမှုများပြုလုပ်ကာ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းလာခြင်းဖြစ်သည်။ ပြစ်ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးရေးသည် အမေရိကန်နှင့် နအဖတို့ဆက်ဆံရေးတွင် နအဖစစ်အာဏာရှင်များအလိုလားဆုံးသောအရာဖြစ်သည်။ ထိုအတွက် နအဖစစ်ဗိုလ်ချုပ်ကြီးများက အမေရိကန်နှင့် ထိတွေ့ဆက်ဆံသည်၊ ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းပေးရန်တောင်းဆိုသည်။ အိုဘားမားအစိုးရက စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးပြုလုပ်လျှင် ပြစ်ဒဏ်ခတ်အရေးယူမှုကို ရုပ်သိမ်းပေးရေးကို လုပ်ဆောင်မည်ဟု ရှင်းလင်းစွာပြောဆိုခဲ့သည်။

ထိုအတောအတွင်း အမေရိကန်အရာရှိများမြန်မာပြည်သို့သွားရောက်ကာ လေ့လာမှုနှင့်မြန်မာ့နိုင်ငံရေးလောကတွင်းမှ အဓိကအင်အားစုများနှင့်တွေ့ဆုံကာ သဘောထားများကို မေးမြန်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံကာ နိုင်ငံကောင်းကျိုးအတွက် ဆွေးနွေးကာ လက်တွဲလုပ်ဆောင်ရန် ကမ်းလှမ်းခဲ့သည်။ ဤလုပ်ရပ်ကို အများကချီးကျူးမှုပြုခဲ့ကြသည်။

သို့သော် အများက လက်ခံကြိုဆိုသောကမ်းလှမ်းမှုကို မြန်မာဗိုလ်ချုပ်ကြီးများမည်သို့တုံ့ပြန်မည်နည်း၊ မည်သည့်အချိန်အခါတွင် တုံ့ပြန်မှုပြုမည်နည်းဆိုသည်က မေးခွန်းဖြစ်လာသည်။ မြန်မာ့နိုင်ငံရေးထွက်ပေါက်မရပဲ သောင်မတင်ရေမကျဖြစ်နေသည့်အခြေအနေကို သက်ဆိုင်သူအားလုံးက တညီတညွတ်တည်းဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။ ဆက်ဆံရေးဆိုသည်မှာ အပြန်အလှန်ရှိရမည်။ အတုံ့အပြန်ပြုရမည်ဖြစ်သည်။ သို့မှသာ တိုးတက်မှုကို အဆင့်ဆင့်လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ မိမိအလိုရှိသောအရာများရသည့်အခါမျိုးလည်းရှိမည်၊ မရသည်လည်းရှိမည်၊ လက်ခံနိုင်သည့်အချက်များကို ကမ်းလှမ်းလာသည်လည်းရှိမည်၊ လက်မခံနိုင်သည်များလည်းရှိမည်မှာအမှန်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ တုံ့ပြန်မှုပြုရမည်ဖြစ်သည်။

နိုင်ငံကို ၂၀ နှစ်ကြာအုပ်ချုပ်လာသည့်တိုင် မိမိတို့အလိုရှိရာတိုင်းကို မရနိုင်၊ လုပ်၍မဖြစ်သည်ကို နအဖစစ်ဗိုလ်ချုပ်ကြီးများ သဘောပေါက်နားလည်မည်မှာ သေချာသည်၊ ထိုသို့နားလည်သဘောပေါက်လျှင် လက်တွေ့ဖြစ်လာရေးအတွက် မည်သူများနှင့်လက်တွဲလုပ်ဆောင်ရမည်၊ မည်သို့လုပ်ဆောင်ရမည်၊ မိမိတို့လုပ်ကိုင်လိုသောကိစ္စ၊ နည်းလမ်းများကို အများကလက်ခံလာစေရန်လုပ်ဆောင်ရန်လိုအပ်သည့် ခေတ်ကာလအခြေအနေဖြစ်သည်ကို နားလည်သဘောပေါက်ရေးသည် ပို၍ပင် အရေးကြီးသည်။

ထို့ကြောင့် အကြောက်တရားနှင့် အတ္တကို လျှော့ချကာ နိုင်ငံနှင့်ပြည်သူများက လက်ခံကြိုဆိုမည့်ကိစ္စ၊ နိုင်ငံတကာအသိုင်းအဝိုင်းက ထောက်ခံမည့်ကိစ္စများကို သတ္တိရှိရှိဖြင့် ပြတ်ပြတ်သားလုပ်ဆောင်ရန်အချိန်ကောင်းဖြစ်နေပြီဆိုသည်ကို သတိပေးသည့်အနေဖြင့် ရေးသားလိုက်ရပေသည်။

---

**မျက်နှာဖုံးမှ**

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးစာပါ အချက်တွေကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အနေနဲ့ လိုက်လျောဖို့ တိုက်တွန်းတောင်းဆိုလိုက်တဲ့ အဖွဲ့တွေက မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်တို့ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးစာမှာ အချက် ၆ ချက်ပါဝင်ပြီး ပထမဆုံးအချက်က မြန်မာနိုင်ငံကိုလာရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကတ်ကမ့်ဘဲလ်နဲ့ အဖွဲ့ကို နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးခဲ့လို့ အထူးကျေးဇူးတင်ကြောင်း ပြောဆိုထားပါတယ်။

ဒုတိယ အချက်အနေနဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားရေးကို သူ့အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီနဲ့ ပူပေါင်းဆောင်ရွက်လိုကြောင်း၊ ပိတ်ဆို့အရေးယူမှုတွေနဲ့ပတ်သက်ပြီး ပိုမို သိရှိလိုကြောင်း တင်ပြချက်အပေါ် လိုအပ်တဲ့ စီစဉ်ဆောင်ရွက်ပေးမှုတွေ အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောဆိုထားတာပါ။ အဲဒီနောက် အဖွဲ့ချုပ်လုပ်ငန်းတွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်တွေ အားလုံးကို သူ့ရဲ့နေအိမ်ကို ဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးလိုကြောင်း၊ ကျန်းမာရေးမကောင်းတဲ့ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်နဲ့အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလွန်းတင်တို့ကို သူတို့ရဲ့နေအိမ်တွေမှာ သွားရောက်ပြီး ဂါရဝပြုလိုကြောင်း တင်ပြထားပါတယ်။

နောက်ဆုံးမှာ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့တွေ့ဆုံဆွေးနွေးပြီးတဲ့နောက် နိုင်ငံတော်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို ပူပေါင်းဆောင်ရွက်လိုကြောင်းနဲ့ အဲဒါတွေနဲ့ပတ်သက်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံဆွေးနွေးလိုကြောင်း အထူးမေတ္တာရပ်ခံထားတာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပေးစာဟာ တိုင်းပြည်တိုးတက်ပြောင်းလဲရေးအတွက် အလွန်အရေးကြီးလို့ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့လိုက်လျောသင့်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုထွန်းမြင့်အောင်က ပြောပါတယ်။

“အဓိကပြောချင်တာက ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ပေးလိုက်တဲ့စာဟာ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုအဖြစ် ကျနော်တို့ ရှုမြင်တယ်။ တိုင်းပြည်ရဲ့အပြောင်းအလဲအတွက်လည်း အင်မတန်မှအရေးကြီးတယ်လို့ ကျနော်တို့ မြင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းပြည်မှာ အမျိုးသားရင်ကြားစေ့ရေးကို အမှန်တကယ် တည်ဆောက်လိုတဲ့ စစ်မှန်တဲ့စိတ်ဆန္ဒပြင်းပြင်းပြပြရှိနေတယ်ဆိုတာကို ဒီစာက ထင်ရှားစေတယ်။ “

“ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တိုင်းပြည်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဗိုလ်ချုပ်မှူးကြီးနဲ့တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုတာဟာ လက်တွေ့ကျတဲ့ ရဲရင့်တဲ့ ခြေလှမ်းတရပ်ပဲလို့ ကျနော်တို့မြင်တယ်။ အဲဒီအတွက်ကြိုဆိုတယ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ ဒေါ်အောင်ဆန်းစု ကြည်ရဲ့အပြုသဘော ချဉ်းကပ်မှုကို အခွင့်ကောင်းတရပ်အနေနဲ့ လက်ဆုပ်လက်ကိုင်ရယူပြီး တိုင်းပြည်နဲ့လူထုမျက်နှာကို ကြည့်ပြီးတော့ တပ်မတော်ရဲ့ ဂုဏ်သိက္ခာအတွက်ပါ ယနေ့တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ အားလုံးကို ပြေလည်သွားစေရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာသင့်ပြီလို့ တိုက်တွန်းချင်တာပါ။”

ဒါနဲ့ပတ်သက်လို့ အဖွဲ့သုံးဖွဲ့ပေါင်းပြီး ဒီနေ့ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်သမတ ဘားရက်အိုဘားမားတို့က လူထုနဲ့နိုင်ငံတကာအသိုင်းဝိုင်းကို ကိုယ်စားပြုပြီး အပြုသဘောဆောင်တဲ့ ချဉ်း

**စာမျက်နှာ ၇ သို့**

# ဒေါ်စုက ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံဆွေးနွေးခွင့် တောင်းဆို

**DVB । နိုဝင်ဘာ ၁၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်က စီးပွားရေးပိတ်ဆို့မှုနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးဖို့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တိုက်ရိုက်တွေ့ဆုံခွင့်တောင်းဆိုလိုက်တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောတူထောက်ခံကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့က ပြောပါတယ်။

ဒီနေ့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ တွေ့ဆုံဆွေးနွေးပြီး သဘောတူကြောင်း ဆုံးဖြတ်ချက်ချလိုက်တာဖြစ်ပါတယ်။ အစည်းအဝေးပြီးဆုံးချိန်နောက်ကျသွားတဲ့အတွက် မနက်ဖြန်မှ တရားဝင်ကြေညာချက်ထုတ်ပြန်မယ်လို့ ပြန်ကြားရေးအဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြောပါတယ်။ ဒီလ ၁၁ ရက် နေ့စွဲနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ ဒေါ်အောင်ဆန်းစုကြည်က စာတစောင်ရေးပို့လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ဦးခင်မောင်ဆွေနဲ့ ဆက်သွယ်မေးမြန်းချက်ကို တင်ပြလိုက်ပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က နံပါတ် ၁ က စီးပွားရေးပိတ်ဆို့မှုကို ပြန်လည်ဖွင့်လှစ်ဖို့ကိစ္စနဲ့ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်ချင်တယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်ဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံဆွေးနွေးပြီး တင်ပြချင်တာကို မေတ္တာရပ်ခံတဲ့ စာပါပဲ။ အထဲမှာတော့ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူးဦးလွင်၊ အလုပ်အမှုဆောင် ဦးလွန်းတင်တို့က နေအိမ်မှာပဲ နေနေကြတော့ သူတို့ကို သွားဂါရဝပြုကန်တော့ပြီး ဒုဥက္ကဋ္ဌဦးတင်ဦးအပါအဝင် ကျန်တဲ့ စီအီးစီအားလုံး၊ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ၊ ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးညွန့်ဝေ အစရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ သူ့အိမ်မှာ တွေ့ဆုံဆွေးနွေးပြီး တိုင်းပြည်ကောင်းရာ ကောင်းကျိုးတွေကို ဆောင်ရွက်နိုင်အောင် စည်းဝေးဆုံးဖြတ်ချင်တယ်ပေါ့လေ။"

"ပြီးတော့မှ ကောင်းရာကောင်းကျိုးဖြစ်အောင် သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာပြီး လုပ်ချင်တဲ့အတွက် ပထမဦးဆုံးဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံဆွေးနွေးခွင့်၊ တင်ပြခွင့် ပေးပါဆိုပြီး ပြောထားတဲ့စာပါပဲ။ အဖွဲ့ချုပ်အနေနဲ့ ဒီစာကို သဘောတူတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းပြည်နဲ့လူမျိုးအကျိုးစီးပွားတွေ ဖြစ်ထွန်းမယ့်ကိစ္စဖြစ်လို့ သတင်းပေါက်ကြားပြီး ဖြစ်ပေမယ့် ဒါကို နိုင်ငံရေးလိုအပ်ချက်အရ မနက်ဖြန်ကို ထုတ်ပြန်ပေးမယ်လို့ဆုံးဖြတ်လိုက်ပါတယ်။"

ဒီလိုမျိုး ကမ်းလှမ်းချက်အပေါ်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လိုက်လျောမယ်လို့ထင်ပါသလား...

"တိုင်းပြည်နဲ့လူမျိုးအကျိုးဖြစ်ထွန်းစေဖို့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံပြီး တင်ပြဖို့ တောင်းဆိုခြင်းဟာ စီးပွားရေးပိတ်ဆို့မှုတွေကိုလည်း နှစ်ဦးနှစ်ဖက် အကျေအလည် ညှိနှိုင်းပြီးတော့ ဒါတွေကို ဖွင့်ပြီး သွားနိုင်ဖို့ နှစ်ဖက်တွေ့ဆုံပြီး ဆောင်ရွက်ချင်တဲ့သဘောတွေရှိတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ကောင်းမြတ်တဲ့ နိုင်ငံရေးစေတနာဟာ ထင်ရှားပေါ်လွင်သွားပြီဖြစ်ပါတယ်။ နိုင်ငံမှာ အခုအုပ်ချုပ်နေတဲ့ တပ်မတော်အစိုးရကလည်းပဲ စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းမယ်လို့ ထပ်ခါတလဲလဲပြောထားတဲ့အတွက်၊ သဘောထားနှစ်ခု ဆုံစည်းနေတဲ့အတွက် ဒီကိစ္စမျိုးဟာ နှစ်ဦးနှစ်ဖက်ဟာ မလွှဲမသွေ ဆုပ်ကိုင်ဖို့တော့ အမှန်တကယ်လိုအပ်နေပြီ။ ငြင်းပယ်လို့မရတဲ့ အချက်ကြီးဖြစ်တယ်ဆိုတာလောက်ပဲ ပြောနိုင်ပါတယ်။"

အမေရိကန်သမ္မတ အိုဘားမား ကိုယ်တိုင်ကလည်း နအဖဝန်ကြီး ဗိုလ်ချုပ်ကြီးသိန်းစိန်တက်တဲ့အာဆီယံအစည်းအဝေးမှာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ တိုက်ရိုက်တောင်းဆိုသွားတဲ့အပေါ်မှာ အဖွဲ့ချုပ်အနေနဲ့ဘယ်လိုသဘောရပါသလဲ...

"အမေရိကန်မူဝါဒကတော့ အီဂျစ်နိုင်ငံမှာလည်း ပြောသွားတယ်လေ။ တိုင်းပြည်တွင်းပြဿနာတွေ၊ ဒီမိုကရေစီတည်ဆောက်တဲ့ ပြဿနာတွေဟာ ကိုယ့်တိုင်းပြည်ထဲမှာပဲ ကိုယ့်ဟာကိုယ် ဖန်တီးကြရမှာဖြစ်တယ်။ အမေရိကန်အစိုးရအနေနဲ့ ဒီမိုကရေစီပြန့်ပွားရေးနဲ့ဒီမိုကရေစီပြောင်းလဲရေးတွေကို ကူညီပံ့ပိုးသွားမယ့် အနေအထားမှာရှိတယ်ဆိုတော့ ဒါကြောင့်မို့ မြန်မာနိုင်ငံမှာ တကယ့် နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်မယ့် ဒီမိုကရေစီခေါင်းဆောင်၊ အဖွဲ့ချုပ်ခေါင်းဆောင်၊ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးမှဖြစ်လိမ့်မယ်လို့ ယူဆတဲ့အတွက် တောင်းဆိုတာဖြစ်ပါတယ်။ သူကတော့ လွှတ်မြောက်လာသည်ဖြစ်စေ၊ လွှတ်မြောက်မလာသေးခင်မှာပဲဖြစ်စေ နိုင်ငံရေးရှေ့လုပ်ငန်းစဉ်တွေကို ဆောင်ရွက်ဖို့ရှိနေတာပဲ။ နိုင်ငံရေးရှေ့သွားမယ့်ကိစ္စတွေမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မလွှဲမသွေ ပါဝင်ရမှာဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့တဲ့ စက်တင်ဘာလကုန်ပိုင်းမှာ စီးပွားရေးပိတ်ဆို့မှုတွေ ပူးပေါင်းဖြေရှင်းရေးအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီ စာတစောင်ရေးပို့ခဲ့ပါတယ်။ အဲဒီနောက် နအဖဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ၂ ကြိမ်တွေ့ဆုံခွင့်ပြုပြီး စာပါတောင်းဆိုချက်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်၊ ဗြိတိန်နဲ့ ဩစတြေးလျားနိုင်ငံက သံတမန် ၃ ဦးနဲ့ တွေ့ဆုံဆွေးနွေးခွင့်ပြုခဲ့ပါတယ်။

---

## ဝတပ်ဖွဲ့အားနယ်ခြားစောင့် ပြောင်းရေး ရက်သတ်မှတ်

**NEJ । နိုဝင်ဘာ ၁၆ ။** ။ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ခေါ် ဝ တပ်ဖွဲ့အား နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ဒီဇင်ဘာနောက်ဆုံးထားပြီး အဖြေပေးသွားရန် နအဖကိုယ်စားလှယ်များက သတိပေးလိုက်သည်။

ယခုလ ၁၄ ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ တန့်ယန်းမြို့၌ စစ်ဘက်ရေးရာအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့မှူးဒု–ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်ပါဝင်သောအဖွဲ့နှင့် ဝ တပ်ဖွဲ့ဒု–ဥက္ကဋ္ဌဦးရှောက်မိလျှံဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့ရာတွင် နအဖဘက်က ပြတ်ပြတ်သားသားပြောဆိုခဲ့တယ်လို့ ဝ ခေါင်းဆောင်များနဲ့နီးစပ်သူတဦးက ပြောပါတယ်။

"ဝ တပ်ဖွဲ့ကတောင်းဆိုထားတဲ့ ကိုယ့်တပ်ဖွဲ့ကို ကိုယ့်ဘာသာကိုယ်အုပ်ချုပ်မယ်ဆိုတာကို နအဖဘက်က လုံးဝလက်မခံဘူး။ ပြီးတော့ ဝ နယ်မြေထဲမှာ ရွာသားတွေဘိန်းစိုက်နေတာတွေကို တားဆီးဖို့၊ ပြီးတော့ ဝ တပ်ဖွဲ့ကလက်နက်ပြင်တဲ့ စက်ရုံကိုပိတ်ပြစ်ဖို့ အဲလိုပြတ်ပြတ်သားသားပြောလာတယ်၊ ဝ ခေါင်းဆောင်ဘက်ကလည်း အရင်ကမူတွေအတိုင်း မဖြစ်နိုင်သေးဘူးပေါ့။ နှစ်ဘက် တင်းတင်းမာမာရှိနေတယ်။ အဲဒီမှာ ဒီဇင်ဘာလမကုန်ခင်ရက်ပိုင်းကို အဖြေပေးဖို့ နောက်ဆုံးရက်သတ်မှတ်လိုက်တယ်။" လို့ပြောပါတယ်။

နအဖဘက်က အောက်တိုဘာလ လကုန်ရက်လို့ ယခင်ရက်သတ်မှတ်ထားရာမှ ယခုတဖန် ဒီဇင်ဘာ လကုန်ရက်လို့ ရက်သတ်မှတ်လိုက်ခြင်းဟာ နအဖအတွက် အမေရိကန်နဲ့ဆက်ဆံရေးကိစ္စအပါအဝင် လေးလပတ်အစည်းအဝေးများရှိသေးသကဲ့သို့ ဝ တပ်ဖွဲ့အပါအဝင် နယ်ခြားစောင့်တပ်လက်မခံသေးသည့် အပစ်ခတ်ရပ်အဖွဲ့များကို တိုက်ခိုက်ရန်အထိ အဆင်သင့်မဖြစ်သေးသည့်အတွက် အခုလို ရက်ရွှေ့ဆိုင်းထားခြင်းဖြစ်နိုင်ကြောင်း တရုတ်–မြန်မာနယ်စပ် စစ်ရေးအကဲခတ် ဦးအောင်ကျော်ဇောက သုံးသပ်ပါတယ်။

"အမေရိကန်နဲ့ဆက်ဆံရေးပြန်ကောင်းအောင်လုပ်နေချိန်မှာ လူမျိုးစုတွေကို သေနတ်ဖောက်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး။ ပြီးတော့ သူတို့ရဲ့လေးလပတ်အစည်းအဝေးဆိုတာလည်း ရှိသေးတယ်။ ရွေးကောက်ပွဲကိစ္စအတွက် အခုအချိန်အထိဘာမှ ဥပဒေထုတ်တာမရှိသေးဘူး။ အခုလို ရက်ရွှေ့လိုက်တာ သူတို့အတွက် လည်းအချိန်ရသွားတယ်၊ တကယ် သူတို့သာတိုက်ရဲရင် တိုက်မှာပေါ့။ အပစ်အခတ်ရပ်အဖွဲ့က တင်းတင်းမာမာပြန်လုပ်တော့ သူတို့ဘက်ကလျှော့သွားတာ။" လို့ ပြောပါတယ်။

အခုကိစ္စနဲ့ပတ်သက်ပြီး ဝ တပ်ဖွဲ့မှတာဝန်ရှိသူတွေကို ဖုန်းဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရရှိပါ။ ဝ တပ်ဖွဲ့ဌာနချုပ်ရှိရာ ပန်ဆန်းမြို့မှ ဝ အရာရှိတဦးက ဝ ခေါင်းဆောင်များ နအဖ ကိုယ်စားလှယ်များနဲ့ သွားရောက်ဆွေးနွေးခဲ့ကြောင်းကို အတည်ပြုပြောကြားသော်လည်း အသေးစိတ်ပြောရန်ကိုမူ ငြင်းဆိုခဲ့ပါတယ်။

# ဒေါ်စုရဲ့ ပိုလ်သန်းရွှေထံကမ်းလှမ်းချက်ကို အဖွဲ့ချုပ်ခေါင်းဆောင်များထောက်ခံ

**Mizzima | နိုဝင်ဘာ ၁၇ ။ ။** အနောက်နိုင်ငံများမှချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများရုပ်သိမ်းရေးအတွက် စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးလိုပါတယ်လို့ ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကမ်းလှမ်းချက်ကိုသဘောတူညီကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်များက တနင်္လာနေ့ကပြောကြားလိုက်ပါတယ်။

ဒဏ်ခတ်ပိတ်ဆို့မှုများလျော့ပါးရေး သူတို့ရဲ့ကြိုးပမ်းမှုများကို ဆက်လက်ဆောက်ရွက်တဲ့အနေနဲ့ တိုက်ရိုက်တွေ့ဆုံခွင့်ပြုပါရန် ထိန်းသိမ်းခံပါတီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ဦးသန်းရွှေထံသို့ ဒုတိယစာတစောင်ရေးသားပေးပို့ခဲ့ကြောင်း ဒီချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

“ဒေါ်စုပြောတဲ့အချက်တွေပေါ်မူတည်ပြီး ကျနော်စာကိုရေးသားပါတယ်။ ပြီးတော့ နေပြည်တော်ကို နိုဝင်ဘာလ ၁၁ ရက်နေ့ကပေးပို့လိုက်ပါတယ်။” လို့ဦးဉာဏ်ဝင်းကပြောပါတယ်။ ပါတီအလုပ်အမှုဆောင်ကော်မတီဝင် ၇ ဦးသည် ပါတီဌာနချုပ်မှာ အစည်းအဝေးကျင်းပကာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကမ်းလှမ်းချက်အပေါ် ဆွေးနွေးခဲ့ကြကြောင်းဖြင့် ဒီချုပ်အလုပ်အမှုဆောင်ကော်မတီဝင်တဦးဖြစ်သူဦးခင်မောင်ဆွေကပြောပါတယ်။

“ဒါနိုင်ငံတော်အတွက်အကျိုးကျေးဇူးရှိမယ့်ကိစ္စမို့ ဒီကမ်းလှမ်းချက်ကို ကျနော်တို့သဘောတူပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကြေညာချက်တရပ်ကို ကျနော်တို့အင်္ဂါနေ့မှာ ထုတ်ပြန်သွားမှာဖြစ်ပါတယ်။” လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

ဒီစာတွင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်က အမေရိကန်အရာရှိများနှင့်တွေ့ဆုံခွင့်ပြုရန် သူမ၏မေတ္တာရပ်ခံချက်ကို ခွင့်ပြုခဲ့သည့်အတွက်၎င်း၊ ဒဏ်ခတ်ပိတ်ဆို့မှုများနှင့်စပ်လျဉ်း၍ အချက်အလက်ရှာဖွေစုဆောင်းနိုင်ရန် လိုအပ်သောအစီအစဉ်များ ဆောင်ရွက်ပေးခဲ့တဲ့အတွက်၎င်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျေးဇူးတင်ရှိပါကြောင်း ရေးသားထားတယ်လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

စက်တင်ဘာလအတွင်းကလည်း ထိန်းသိမ်းခံမြန်မာ့ဒီမိုကရေစီခေါင်းဆောင်က အနောက်နိုင်ငံများရဲ့ဒဏ်ခတ်ပိတ်ဆို့မှုများ လျော့ပါးရေးအတွက် သူမအနေနဲ့ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာတစောင်ရေးသားပေးပို့ခဲ့ပါတယ်။ ထို့အပြင် အဆိုပါဒဏ်ခတ်ပိတ်ဆို့မှု အကြောင်းအချက်အလက်ရှာဖွေနိုင်ရန်အတွက် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတေးလျနိုင်ငံတို့မှ သံတမန်များနှင့်တွေ့ဆုံခွင့်ပေးပါရန်လည်း အဆိုပါစာတွင်မေတ္တာရပ်ခံခဲ့ပါတယ်။

ဤသို့ကမ်းလှမ်းချက်များပြုလုပ်ခဲ့ပြီးနောက် စစ်အစိုးရက မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ကို ဆက်သွယ်ရေးဝန်ကြီးဦးအောင်ကြည်နှင့်၎င်း၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတေးလျ နိုင်ငံတို့မှ သံတမန်များနှင့်၎င်း၊ တွေ့ဆုံခွင့်ပြုခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်သည် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်ရှာဖွေစုဆောင်းမှုများကိုပြုလုပ်နေပြီး ယခု ဒုတိယကမ်းလှမ်းချက်ကို ပေးပို့လိုက်တာဖြစ်တယ်လို့ ဒီချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

သူမရဲ့ယခု ဒုတိယကမ်းလှမ်းချက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တိုက်ရိုက်တွေ့ဆုံပြီး ဒဏ်ခတ်ပိတ်ဆို့မှုများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်ပါတယ်။ အလုပ်သမားရေးရာဝန်ကြီးဦးအောင်ကြည်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူနှင့်အထိန်းသိမ်းခံ အတိုက်အခံခေါင်းဆောင်တို့အကြား ကြားခံလူအဖြစ် ဆောင်ရွက်ရန် ခန့်ထားခဲ့ခြင်းဖြစ်သော်လည်း အဘယ်ကြောင့်ဦးအောင်ကြည်နှင့်မတွေ့လိုကြောင်း ပြောဆိုထားခြင်းမရှိပါ။

ဒီမိုကရေစီခေါင်းဆောင်၏ စက်တင်ဘာလကပြုလုပ်ခဲ့သော ပထမကမ်းလှမ်းချက်မှာ အမေရိကန်က မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ နိုင်ငံခြားရေးမူဝါဒကို ထုတ်ပြန်ကြေညာချိန်နှင့် တိုက်ဆိုင်နေပါတယ်။ အဆိုပါမူဝါဒသစ်အရ အမေရိကန်သည် စစ်အစိုးရနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဒဏ်ခတ်ပိတ်ဆို့မှုများကိုလည်း ဆက်လက်ထားရှိမှာဖြစ်ပါတယ်။

အဆိုပါ အမေရိကန်ရဲ့မူဝါဒသစ်အရ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလဆန်းက လာရောက်လည်ပတ်ခဲ့ပြီး စစ်အစိုးရအရာရှိအများအပြားနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်ပါ တွေ့ဆုံခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့ဒုတိယမြောက်ကမ်းလှမ်းချက်မှာ နိုင်ငံတော်အကျိုးအတွက် လက်ရှိအစိုးရဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ သူမမျှော်လင့်ကြောင်း ရေးသားထားတယ်လို့ ဦးခင်မောင်ဆွေကပြောပါတယ်။ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းကြသည့် ပါတီခေါင်းဆောင်များဖြစ်သော ပါတီဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူးဦးလွင်နှင့် ဦးလွန်းတင်တို့ကို သူတို့နေအိမ်များတွင် သွားရောက်တွေ့ဆုံဂါဝရပြုလိုကြောင်းလည်း ဦးသန်းရွှေထံ အဆိုပါစာတွင် ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံထားတယ်လို့ သိရပါတယ်။

ထို့အပြင် သူမကို ထိန်းသိမ်းခံဒုဥက္ကဋ္ဌဦးတင်ဦးအပါအဝင် အဖွဲ့ချုပ်အလုပ်အမှုဆောင်တဖွဲ့လုံးနှင့် စုံညီတွေ့ဆုံအစည်းအဝေးကျင်းပခွင့်ပေးပါရန်လည်း ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံထားပါတယ်။ ဤသို့ အဖွဲ့ချုပ်အလုပ်အမှုဆောင်များ အစည်းအဝေးကျင်းပပြီးပါက နိုင်ငံ့အကျိုးအတွက်ဦးသန်းရွှေနဲ့ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ဒေါ်စုကပြောသေးတယ်လို့ ဦးခင်မောင်ဆွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ကမ်းလှမ်းချက်ပါ စာသားများကိုပြောပြပါတယ်။

# ရတနာပုံသတင်းစာအယ်ဒီတာစစ်ဆေးခံနေရ

**RFA | နိုဝင်ဘာ ၁၈ ။ ။** မန္တလေးမြို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်က ဦးဆောင်ထုတ်ဝေနေတဲ့ နေ့စဉ်ထုတ် ရတနာပုံသတင်းစာရဲ့နိုဝင်ဘာ ၁၃ ရက်နေ့စွဲနဲ့ထုတ်ဝေတဲ့ သတင်းစာမှာ ပုံမှန်ထည့်နေကျ အစိုးရအာဘော်ဆောင်ပုဒ်တခုမှာ စာလုံးတလုံးကျကျန်ခဲ့တဲ့အတွက် သက်ဆိုင်ရာကအယ်ဒီတာနဲ့တာဝန်ရှိသူတွေကို စစ် ဆေးမေးမြန်းနေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

မန္တလေးစာရေးဆရာတဦးက ရတနာပုံသတင်းစာပါအကြောင်းအရာနဲ့ ခုလက်ရှိ စစ်ဆေးခံနေရတဲ့အကြောင်း RFA ကိုပြောပြပါတယ်။

“မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည် ဆိုတဲ့ နေ့တိုင်းသတင်းစာမှာထည့်တဲ့ စစ်အစိုးရရဲ့ဝါဒဖြန့်တာရှိတယ်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်လို့ ဖြစ်ရမှာကို ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင် ဆိုပြီး ‘မ’ ပြုတ်ကျနေခဲ့တာဗျ။ သဘောကတော့ ဒီမိုကရေစီရဖို့ ဆူဆူပူပူလုပ်ရမယ်ဆိုတဲ့ သဘောပေါ့ဗျာ။

ရတနာပုံသတင်းစာဝန်ထမ်းတွေကတော့ စစ်ဆေးတုန်းလို့ကြားတယ်၊ သတင်းစာပို့တဲ့လူတွေက ပြောနေတာပေါ့နော်။ တမင်သက်သက်လုပ်တာလား၊ မတော်တဆ ဖြစ်တာလားပေါ့။ မန္တလေးတမြို့လုံးကတော့ ရယ်ရမှာလား ငိုရမှာလား ဖြစ်နေတယ်။ စောင်ရေက သောင်းချီရှိတာကို အကုန်လုံးပျံ့သွားတာ။”

စာနယ်ဇင်းအသိုင်းအဝိုင်းက စာရေးဆရာတဦးပြောသွားတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရတနာပုံသတင်းစာရဲ့ တခြားသာမန်ဝန်ထမ်းတဦးကို ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ စစ်ဆေးနေတာမျိုးမရှိဘူးလို့ အခုလိုပြောပါတယ်။

“အဲဒါတော့မရှိဘူးခင်ဗျ။ အဲဒီကိစ္စတွေ အသေးစိတ်မသိဘူးခင်ဗျ။ အဲဒီဖုန်းကလည်းပျက်နေတယ်၊ သူကပုဂ္ဂလိကပိုင် မဟုတ်ပါဘူးဗျာ။ အများပိုင်ဘဲဗျ။”

ရတနာပုံသတင်းစာက ဝန်ထမ်းတဦးပြောသွားတာပါ။ ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင် ဆိုတဲ့ သတင်းစာရဲ့စာမျက်နှာကို ပြည်တွင်းပြည်ပမှာ အင်တာနက်ပေါ်ကနေ အချင်းချင်း လက်ဆင့်ကမ်း ဖြန့်ဝေနေကြပါတယ်။

# သတင်းစာဆရာကြီးဦးဝင်းတင်အကြောင်း စာအုပ် ပြင်သစ်ဘာသာဖြင့် ထုတ်ဝေ

**DVB | နိုဝင်ဘာ ၁၅ ॥** ॥ သတင်းစာဆရာကြီးလည်းဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တဦးလည်းဖြစ်တဲ့ ဦးဝင်းတင်အကြောင်း ပြင်သစ်ဘာသာနဲ့ မှတ်တမ်းတင်ထားတဲ့ စာအုပ်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် အာရ်အက်စ်အက်ဖ် နယ်စည်းမခြား သတင်းသမားများ အဖွဲ့က ထုတ်ဝေလိုက်ပါတယ်။

"အတိုက်အခံ လှုပ်ရှားသူတဦးရဲ့ဘဝ" လို့အမည်ပေးထားတဲ့ ဒီစာအုပ်ဟာ ဦးဝင်းတင်ရဲ့ဘဝအကြောင်း ပထမဆုံးထုတ်ဝေတဲ့စာအုပ်ပါ။ ဦးဝင်းတင်ရဲ့ သတင်းသမားဘဝနဲ့ အကျဉ်းထောင်ထဲမှာ ၁၉ နှစ်ကြာဖြတ်သန်းခဲ့ရပုံတွေသာမက လက်ရှိမှာလည်းလွတ်မြောက်လာပေမယ့် အာဏာပိုင်တွေရဲ့စောင့်ကြည့်နေမှုအောက်မှာပဲ ဒီမိုကရေစီရေးအတွက် ရုန်းကန်လှုပ်ရှားနေရပုံတွေကို ဖော်ကျူးထားပါတယ်လို့ အာရှ–ပစိဖိတ်ဒေသဆိုင်ရာအကြီးအကဲ ဗင်းဆင့်ဘရော့ဆယ်က ပြောပြပါတယ်။ ဦးဝင်းတင်ရဲ့ ခံယူချက်တွေ၊ ဒီမိုကရေစီရေး၊ အန်အယ်လ်ဒီတည်ထောင်ရေး၊ ဦးနေဝင်းခေတ်မှာ သတင်းစာလွတ်လပ်ခွင့် အတွက်ဆောင်ရွက်ရေး၊ စတဲ့အရေးတွေ ဆောင်ရွက်ခဲ့ရာမှာ အလွန်အရေးပါပြတ်သားတဲ့ စိတ်ပိုင်းဖြတ်ချက်တွေကို ထုတ်ဖော်နိုင်တဲ့ ပထမဦးဆုံး အခွင့်အရေးလည်းဖြစ်ပါတယ်လို့ ဆိုပါတယ်။

"ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေတဲ့ ဦးဝင်းတင်လို ပုဂ္ဂိုလ်မျိုးရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို နားလည်နိုင်မယ့် မြန်မာ့အကြောင်း စာအုပ်တအုပ်ပါပဲ။ ဒီလိုပုဂ္ဂိုလ်မျိုးတွေပဲ မြန်မာပြည်ကို ဦးဆောင်တဲ့သူတွေဖြစ်သင့်ပါတယ်။ စစ်အာဏာရှင်တွေက ဦးဆောင်နေတာ မဖြစ်သင့်ပါဘူး" လို့ ဗင်းဆင့် ဘရော့ဆယ်က ပြောသွားတာပါ။ ဦးဝင်းတင်အကြောင်းကနေ ဆက်နွယ်ပြီး မြန်မာ့ဒီမိုကရေစီရရှိရေး တိုက်ပွဲဝင်နေတဲ့ ဂျာနယ်လစ်တွေ၊ ကျောင်းသားတွေရဲ့အကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်တွေကအစ အောက်ခြေလှုပ်ရှားနေသူတွေရဲ့ ဘဝတွေထိပါဝင်တဲ့ မြန်မာပြည်အကြောင်း စာအုပ်တအုပ်ပါလို့လည်း ဗင်းဆင့်က ပြောပါတယ်။ ဖဆပလခေတ်၊ ပြည်တွင်းစစ်၊ မဆလခေတ် စတဲ့ ခေတ်အဆက်ဆက်မှာ သတင်းစာ အယ်ဒီတာအဖြစ် ဖြတ်သန်းခဲ့တဲ့ ဦးဝင်းတင်ရဲ့ ဘဝအကြောင်း တစေ့တစောင်းတင်ပြထားတဲ့ ဒီစာအုပ်ကို ပြင်သစ်ဘာသာနဲ့ ထုတ်ဝေတဲ့အတွက် ပြင်သစ်၊ ဘယ်ဂျီယံ၊ ကနေဒါ၊ ဆွစ်ဇာလန်စတဲ့ ပြင်သစ်စကားပြောနိုင်ငံတွေက ဖတ်ကြတဲ့အခါ ဦးဝင်းတင်နဲ့တကွ မြန်မာပြည်အကြောင်း ပိုသိလာကြမှာပါလို့လည်း ဗင်းဆင့်က ပြောပါတယ်။ ဦးဝင်းတင်ကတော့ စာအုပ်ထွက်လာတာဟာ သူ့တဦးတည်းကို ရွေးချယ်ဂုဏ်ပြုတာမဟုတ်ဘဲ ဒီမိုကရေစီရေးအတွက် အနစ်နာခံသူတွေကို ကိုယ်စားပြုတယ်လို့ အခုလို ပြောပါတယ်။

"ဦးဝင်းတင်ဆိုသော ပုဂ္ဂိုလ်တယောက်ရဲ့အကြောင်း စာအုပ်ထွက်တယ်ဆိုတဲ့သဘောထက် တိုက်ပွဲဝင်ရဲဘော်တွေအားလုံးရဲ့ဘဝတွေကို မြှောက်စား၊ ချီးမြှင့်၊ ဂုဏ်ပြုတဲ့စာအုပ်ထွက်လာတယ်လို့ သဘောထားပါတယ်။" ဦးဝင်းတင်အနေနဲ့ ကိုယ့်ဘဝအကြောင်းကို ကိုယ်တိုင် မရေးချင်ဘူးလားဆိုတဲ့ အမေးကိုတော့ အခုလိုဖြေဆိုသွားခဲ့ပါတယ်။

"ဂွန္ထဝင်ဂီတ၊ စာပေ၊ အလင်္ကာ၊ ကဗျာဝါသနာပါတယ်။ နောက်ပြီး သတင်းစာ၊ သတင်းလုပ်ငန်း၊ ဝေဖန်ချက်သုံးသပ်ချက်တို့ ဝါသနာပါတယ်ရေးချင်တယ်။ သို့သော် အကုန်လုံးက နိုင်ငံရေးထဲမြုပ်နေလို့လုပ်ဖို့မရှိဘူး။ အဲဒီလိုဟာမျိုးတွေရေးဖို့ဆိုတာကလည်း ထွက်ပေါက်က ဘယ်လိုမှမရှိဘူး။ စာအုပ်တွေထွက်ဖို့နေနေသာသာ နာမည်တောင်မှသုံးခွင့်မရှိဘူး။ သူတပါးရေးတာထက် ကိုယ်ကိုယ်တိုင် ဘယ်လိုခံစား၊ တွေ့ကြုံဖြတ်သန်း၊ ရည်မှန်းထားတယ်ဆိုတဲ့ဟာမျိုးတွေ ရေးချင်တာပေါ့။ ကိုယ့်ဘဝဇာတ်ကြောင်းကိုလည်းတတ်နိုင်သမျှရေးချင်ပါတယ်။"

စာအုပ်ကို တခြားဘာသာတွေနဲ့လည်း ဘာသာပြန်နေကြပါပြီ။ ပြင်သစ်သတင်းထောက် မစ္စဆိုဖီက တွေ့ဆုံပြီး အသံသွင်း၊ ဗီဒီယိုမှတ်တမ်းတင်လာတာတွေနဲ့ဖုန်းဆက်မေးမြန်း ဖြေကြားထားသမျှကို ဦးဝင်းတင်ကိုယ်စားရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်လွှတ်ပါဟု အမေရိကန်သမ္မတ တိုက်ရိုက်တောင်းဆို

**DVB | နိုဝင်ဘာ ၁၅ ॥** ॥ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ဖို့ စစ်အစိုးရကိုယ်စားလှယ် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို တိုက်ရိုက်ပြောကြားလိုက်ပါတယ်။

စင်ကာပူမှာ ဒီနေ့ကျင်းပတဲ့ အာဆီယံ–အမေရိကန် ထိပ်သီးအစည်းအဝေးက အခုလို သီးသန့်တောင်းဆိုလိုက်ပါတယ်။ တခါးပိတ်အစည်းအဝေးအပြီးမှာ အိုဘားမားက "တိုကျိုမှာ ကျနော်ပြောခဲ့တဲ့ မူအတိုင်း ထပ်အတည်ပြုပြီးပြောခဲ့ပါတယ်" လို့ သတင်းထောက်တွေကို ပြောပါတယ်။ စနေ့နေ့တုန်းက တိုကျိုမှာပြောတဲ့ သူ့ရဲ့အစိုးရပေါ်လစီမိန့်ခွန်းမှာ အိုဘားမားက အခုလိုပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ဖို့၊ လူနည်းစုတွေအပေါ် တိုက်ခိုက်နေတာကိုရပ်ဖို့၊ ဒီမိုကရေစီဘက်က အတိုက်အခံတွေ၊ လူနည်းစုတွေနဲ့ အနာဂတ်အရေး ဆွေးနွေးတာတွေလုပ်ရပါမယ်။ စစ်အစိုးရအနေနဲ့ ဒီနည်းနဲ့ပဲ မြန်မာလူထုရဲ့ဆန္ဒကို တုံ့ပြန်ရာရောက်မှာဖြစ်သလို၊ မြန်မာပြည် စစ်မှန်တဲ့လုံခြုံရေးနဲ့သာယာဝပြောရေးကို ဆောင်ကြဉ်းနိုင်ပါလိမ့်မယ်" လို့ သမတ အိုဘားမားက ပြောသွားပါတယ်။

ဒီတောင်းဆိုချက်ကိုပဲ ဒီကနေ့ မြန်မာဝန်ကြီးချုပ်တက်ရောက်နေတဲ့ အမေရိကန်–အာဆီယံ ထိပ်သီးအစည်းအဝေးမှာ သမတက ထပ်ပြီးတောင်းဆိုလိုက်ပါတယ်။ မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကတော့ သူ့မိန့်ခွန်းထဲမှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်းကိုလုံးဝ ထည့်ပြောမသွားပါဘူးလို့မလေးရှားဝန်ကြီးချုပ်နာဂျစ်ရာဇတ်က သတင်းထောက်တွေကို ပြောပါတယ်။

အစည်းအဝေးအပြီး ထွက်လာတဲ့ ပူးတွဲကြေညာချက်မှာတော့ အမေရိကန်ဘက်က ထည့်ချင်တဲ့စာသားဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် 'နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပါ' ဆိုတဲ့ တောင်းဆိုချက် မပါဝင်ပေမယ့် အိုဘားမားရဲ့တိုက်ရိုက်တောင်းဆိုချက်က ပိုပြီးအားပါတယ်လို့ အေပီသတင်းမှာ ရေးသားထားပါတယ်။

မြန်မာအစိုးရအနေနဲ့ လွတ်လပ်၊ တရားမျှတပြီး၊ အားလုံးအပြည့်အဝပါဝင်နိုင်တဲ့၊ ပွင့်လင်းမြင်သာမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ဖို့နဲ့ သက်ဆိုင်သူအားလုံးနဲ့ တွေ့ဆုံဆွေးနွေးဖို့လည်း တောင်းဆိုထားပါတယ်၊ ထိပ်သီးအစည်းအဝေးမစခင် ခေါင်းဆောင်တွေ ဓာတ်ပုံအရိုက်ခံကြတဲ့နေရာမှာ သမတအိုဘားမားနဲ့ ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ ခပ်ဝေးဝေးနေကြတာ တွေ့ရပါတယ်။ အိုဘားမားကလည်း ဗိုလ်ချုပ်ကြီးသိန်းစိန်ကို လက်ဆွဲနှုတ်ဆက်တာ၊ မျက်နှာချင်းဆိုင်တာမျိုးမရှိတဲ့အပြင် မျက်လုံးချင်းတောင် မဆိုင်ကြပါဘူးလို့ စင်ကာပူကလာတဲ့သတင်းတွေအရ သိရပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း မြန်မာအရာရှိတွေနဲ့ စကားပြောတာတွေ မတွေ့ရဘူးလို့ ဆိုပါတယ်။

ထိပ်သီးအစည်းအဝေးမှာ စီးပွားရေး၊ အကြမ်းဖက်သမား ခြေမှုန်းရေး၊ နျူးကလီးယားလက်နက်ကင်းဝေးရေး စတာတွေကို ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့ သဘောတူဆုံးဖြတ်ကြပါတယ်။ အာဆီယံပဋိညာဉ်ကို အခြေခံပြီး ၂၀၁၅ မှာ အာဆီယံဒေသတခုလုံး တစုတစည်းတည်းဖြစ်ရေး စီမံကိန်းကိုလည်း အိုဘားမားကကြိုဆိုပါတယ်။ မြန်မာပြည် လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်လို့ အာဆီယံခေါင်းဆောင်တွေက အမေရိကန်– မြန်မာထိတွေ့ဆက်ဆံရေး ပေါ်လစီကိုကြိုဆိုကြပါတယ်။

ကျော်ကျော်စိုး

# လူမှုအဖွဲ့အစည်းနှင့်အုပ်ချုပ်မှု

ယနေ့ခေတ်ကာလတွင် လူမှုလူ့အဖွဲ့အစည်းအတွင်း ပြည်သူ့ရေးရာအဖွဲ့အစည်းများ တိုးတက်ဖြစ်ထွန်းလာခြင်းသည် ကမ္ဘာတဝှမ်းတွင် အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှု ဖြစ်ပေါ်လာရခြင်း၏ အဓိကအကြောင်းအချက်ဖြစ်လာပေသည်။

လူ့အဖွဲ့အစည်းအတွင်း သဘာဝပတ်ဝန်းကျင်၊ ရုပ်ပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ပြောင်းလဲမှုများနှင့်အတူ လူတဦးချင်းစီအရသော်လည်းကောင်း၊ လူအုပ်စုအဖွဲ့အစည်း အရသော်လည်းကောင်း တိုးတက်ဖွံ့ဖြိုးမှုကို အလိုရှိလာကြသည်။ ထို့ကြောင့်ပြောင်းလဲနေမှုများနှင့်လိုက်လျောညီထွေမှုရှိသော စဉ်းစားတွေးတောမှု လိုအပ်လာပေသည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်မှုရှာဖွေရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကိုထိန်းသိမ်းထားနိုင်ရေးတွင်လည်းကောင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များက အာရှအရှေ့ပိုင်းနိုင်ငံများတွင် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုများက အဆိုပါနိုင်ငံများရှိ လူမှုအဖွဲ့အစည်းအတွင်း တိုးတက်မှုများဖြစ်ထွန်းလာစေခဲ့သည်။ ပြည်သူများ၏ဝင်ငွေတိုးတက်လာစေခဲ့သည်။ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာစေခဲ့သည်။ ပြည်သူများ၏အမြင်နှင့်သဘောထားများကို ရှုမြင်သုံးသပ်မှုများကို တိုးတက်ပြောင်းလဲလာစေခဲ့သည်။

လက်ရှိအခြေအနေများက လူမှုရေးနှင့်နိုင်ငံရေးနယ်ပယ်များတွင် အကျိုးသက်ရောက်မှုတချို့ဖြစ်ထွန်းလာခဲ့သည်။ ဤသည်မှာ အခြားမဟုတ်ပေ၊ ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်းပင်ဖြစ်သည်။ ပြောင်းလဲလာသော စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်နိုင်ငံရေးအခြေအနေ အုပ်ချုပ်ရေးအခြေအနေတို့အကြား အံဝင်ခွင်ကျမှုမရှိ၊ လိုက်ဖက်မညီ ဖြစ်လာတော့သည်။

ထို့ကြောင့် Asian Value အာရှတန်ဖိုး၊ Asia Mericle အာရှအံ့မခန်းဆိုသည့်အကြောင်းအရပ်များအတွက် မေးခွန်းထုတ်စရာဖြစ်လာသည်။ အာဏာကို စုစည်းချုပ်ကိုင်ထားသည့်အုပ်ချုပ်ရေးစနစ်သည် တိုးတက်လာသော လူမှုစီးပွားရေးအခြေအနေများနှင့် သဟဇာတမဖြစ်တော့ပေ။ Nepotism ဆွေမျိုးသားချင်းကောင်းစားရေးဝါဒ၊ cronyism မိတ်ဆွေအပေါင်းအသင်း စောင်မကြည့်ရှုရေးဝါဒ၊ အကျင့်ပျက်လာဘ်စားမှု၊ ဝင်ငွေမညီမျှမှုများပြားနေခြင်းများကို ပြင်ဆင်ပြောင်းလဲရန်ကြိုးပမ်းမှု မရှိခဲ့ခြင်းတို့က အဓိက အကြောင်းရင်းများဖြစ်ပေသည်။

သို့သော် အာရှငွေကြေးအကျပ်အတည်းဖြစ်ပြီးနောက် အာရှနိုင်ငံများအကြားအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ ပင်လယ်ပိုင်းနေရာများတွင် အထူးစီးပွားရေးဇုံများထူထောင်ကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံသည် ခေတ်မီတိုးတက်မှုကိုရှာဖွေရာတွင် ဘက်စုံဟန်ချက်ညီစနစ်ကို ဗဟိုပြုခဲ့သည်။ စီးပွားရေးနယ်ပယ်၏ဩဇာအာဏာကျယ်ပြန့်လာမှုနှင့်တပြိုင်နက်တည်းမှာပင် အစိုးရ၏နယ်ပယ်သည် ပြည်သူများ၏လူမှုနယ်ပယ်အသိုင်းအဝိုင်းတွင် လျော့ကျလာခဲ့သည်။

ပြည်သူလူထုအတွင်း လူ့အခွင့်အရေးနှင့် ပြည်သူ့ရေးရာအခွင့်အရေးများ တောင်းဆိုမှုအသံမြင့်မားလာခဲ့သည်။ ဤသည်ကို တရုတ်ပညာရှင်တဦးကလူထုအသံကျယ်လောင်လာနေသည်၊ တရားဥပဒေစိုးမိုးမှုအတွက် တောင်းဆိုသံများကျယ်လောင်လာနေသည်ဟု ကင်ပွန်းတပ်ခဲ့သည်။ ဤသည်က အာဏာကို ဗဟိုချုပ်ကိုင်ထားသော အာဏာရှင်အုပ်ချုပ်ရေးစနစ်အတွင်း ပြောင်းလဲလာမှုအခြေအနေတရပ်ဖြစ်သည်။

ဒီမိုကရေစီထွန်းကားသောလူမှုအဖွဲ့အစည်းဖြစ်သည့် အိန္ဒိယနိုင်ငံတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှုတွင် အားနည်းသည်ကိုတွေ့ရသည်။ အုပ်ချုပ်မှုဆိုင်ရာစွမ်းရည် ထိရောက်မှုအားနည်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်နိုင်ခြင်းမရှိပေ။ ဂလိုဘယ်လိုက်ဇေးရှင်း၏အကျိုးသက်ရောက်မှု စီးပွားရေးလောကတွင် ဆက်ဆံရေးနှင့် ကုန်သွယ်မှုများကြောင့် Global Market ကမ္ဘာ့ဈေးကွက်ပေါ်ထွန်းလာခဲ့ပြီး၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများ၏ အရှိန်အဝါလည်း ကျယ်ပြန့်လာခဲ့သည်။ ကမ္ဘာ့ဈေးကွက်က နိုင်ငံများ၏ငွေကြေးစနစ်နှင့် ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်း ငွေကြေးလွှဲပြောင်းမှုအပါအဝင် စာရင်းလွှဲပြောင်းမှုတို့အကြား အံမဝင်ခွင်မကျဖြစ်လာပြီး ငွေကြေးအကျပ်အတည်းကို ဖြစ်လာစေသည်အထိ အကျိုးသက်ရောက်စေခဲ့သည်။

အာရှငွေကြေးဈေးကွက်တွင် တောင်ကိုရီးယား၊ ထိုင်း၊ အင်ဒိုနီးရှားတို့အဆိုးဝါးဆုံးခံခဲ့ရပေသည်။ ဤသို့သောအကျိုးသက်ရောက်မှုများက ထိုနိုင်ငံများတွင် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးကို ဖြစ်လာစေခဲ့သည်။ ထိုင်းနိုင်ငံတွင် လူမှုအသိုင်းအဝိုင်းအတွင်း အစိုးရ၏ပါဝင်စွက်ဖက်လွှမ်းမိုးမှုကို သိသိသာသာလျှော့ချခဲ့ခြင်းသည် နိုင်ငံတွင်း တည်ရှိနေသော အုပ်ချုပ်ရေးဆိုင်ရာယန္တယားသည် ပြောင်းလဲနေသောစီးပွားရေး၊ ဈေးကွက် လူမှုအသိုင်းအဝိုင်းတို့နှင့် အံဝင်ခွင်ကျမှုမရှိတော့ဆိုသည့်အချက်ကို ဖော်ပြနေသည်။ ထိုမျှမက လူထုကလည်း ကောင်းမွန်ပြည့်စုံမှုမရှိသည့် အုပ်ချုပ်ရေးကိစ္စအပေါ် အာရုံထားစောင့်ကြည့်လှုပ်ရှားလာကြသည်။ ဤသည်မှာအခြားမဟုတ်ပေ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များသည် လူအများအလွယ်တကူသိမြင်နားလည်လွယ်မှု transparency၊ အစိုးရအာဏာပိုင်အဆင့်ဆင့်နှင့် စီးပွားရေးလုပ်ငန်းများ၏ မိမိတို့၏လုပ်ရပ်များကို တာဝန်ခံမှု account-ability တို့သည် ပြည်သူများ အဓိက ပြောဆိုဆွေးနွေးနေသောအကြောင်းအရာများဖြစ်လာကြသည်။

ဂလိုဘယ်လိုက်ဇေးရှင်း၏အကျိုးသက်ရောက်မှုများထဲတွင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့်အရာမှာ အစိုးရများသည် တရားဥပဒေ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလွတ်လပ်စွာပြုလုပ်၍ ကမ္ဘာ့စံနှုန်းများနှင့်အညီ ပြောင်းလဲလာခြင်းဖြစ်သည်။ ထိုအထဲတွင် အရှိန်အားကောင်းကောင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်လာသည့် ကိစ္စရပ်မှာ တရားဥပဒေစိုးမိုးရေး rule of law ပင်ဖြစ်သည်။ အကျင့်ပျက်လာဘ်စားမှုပပျောက်ရေး၊ နိုင်ငံရေးသမားများ၏ပိုင်ဆိုင်မှု၊ နိုင်ငံရေးဆိုင်ရာဝင်ငွေနှင့် အသုံး စရိတ်၊ <u>ပြည်သူ့ဝန်ထမ်းအရာရှိကြီးများ၏လုပ်ငန်းဖော်ဆောင်မှုအဆင့်ဆင့်</u> စသည်တို့ကို ပြည်သူ့ရေးရာအဖွဲ့အစည်းများက လေ့လာစောင့်ကြည့်မှုများ ပြုလုပ်လာခဲ့ သည်။။ လူနေမှုဘဝပုံစံ ပြောင်းလဲတိုးတက်လာခြင်းက နိုင်ငံအချင်းချင်းအကြား၊ လူမှုအဖွဲ့အစည်း တခုနှင့်တခုကြား ကူးလူးဆက်ဆံမှုများများပြားလာခဲ့သည်။ သဘာဝပတ်ဝန်းကျင်အရေး၊ AIDS၊ မူးယစ်ဆေးကူးသန်းရောင်းဝယ်မှု၊ ပြောင်းရွှေ့အခြေချနေထိုင်မှု စသည့်ကိစ္စရပ်များသည် အစိုးရတဖွဲ့တည်းက ဖြေရှင်း၍မရသည့် ကိစ္စများဖြစ်လာသည်။ ထို့ကြောင့် ပူးပေါင်းညှိနှိုင်းကိုင်တွယ်လုပ်ဆောင်လာကြသည်၊ ဤသည်က နိုင်ငံအစိုးရများအနေဖြင့် အုပ်ချုပ်မှုပုံစံကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာစေခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

---

**တဖက်မှ**

ပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ လောလောဆယ် နယ်ခြားကော်မတီဝင်တွေ တွေ့ဆုံဖို့အဆင်သင့် မဖြစ်သေးပါဘူး။ တကယ်လို့ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ရင်တော့ မလိုလားအပ်တဲ့ ပြဿနာတွေကြုံလာနိုင်တဲ့အတွက် ဆွေးနွေးကြတာပဲ ကောင်းပါတယ်”လို့ ထိုင်းဗိုလ်မှူးကြီးက ရှင်းပြသွားပါတယ်၊ တေ ၂၀ လောက်ရှိတဲ့ ဒီရေလယ်ကျွန်းကို ထိုင်းနဲ့မြန်မာနှစ်ဖက်အာဏာပိုင်တွေ သူပိုင်ငါပိုင် အငြင်းပွား ပြဿနာတက်လာခဲ့တာ နှစ်ပေါင်း ၂၀ လောက်ရှိပါ ပြီ။ ဒီကျွန်းကို ထိုင်းဘက်က ဘာမှအသုံးမပြုပါဘူး။ ဒါပေမယ့် မြန်မာဘက်ကတော့ တရားမဝင်ဈေးရောင်းသူတွေ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေက အသုံးချနေတာကြောင့် ထိုင်းဘက်က မျက်ခြည်မပြတ် စောင့်ကြည့်နေတဲ့ ရေလယ်ကျွန်းဖြစ်ပါတယ်။

# နအဖထုတ်သတင်းစာနှစ်စောင်မှ အယ်ဒီတာအဖွဲ့ နေပြည်တော်သို့ပြောင်းရွှေ့

**NEJ ၊ နိုဝင်ဘာ ၁၉ ။** ။ စစ်အစိုးရချုပ်ကိုင်ထားတဲ့ နေ့စဉ်ထုတ်သတင်းစာနှစ်စောင်မှ အကြီးတန်းအရာရှိများနှင့် အယ်ဒီတာအဖွဲ့ကို ယခုလဆန်းပိုင်းမှစတင်ကာ နေပြည်တော်သို့ပြောင်းရွှေ့ရုံးထိုင်စေပြီဖြစ်ကြောင်း ရန်ကုန်စာနယ်ဇင်းအသိုင်းအဝိုင်းက ပြောပါတယ်။

"မြန်မာ့အလင်းမှာ ဦးရဲမြင့်ဖေကအကြီးဆုံး၊ ကြေးမုံမှာ ဦးဇော်ဝင်း သူတို့နှစ်ယောက်အပါအဝင် သတင်းစာဌာနက အပေါ်ပိုင်းတာဝန်ရှိသူတွေအားလုံးကို နေပြည်တော်ခေါ်ထားလိုက်တော့တာ။" လို့ ပြည်တွင်းသတင်းထောက်တဦးက ပြောပါတယ်။ ကြေးမုံသတင်းစာအယ်ဒီတာအဖွဲ့သည် ယခုလ ၂ ရက်တွင် နေပြည်တော်သို့ပြောင်းရွှေ့ခဲ့ရပြီး မြန်မာ့အလင်းအယ်ဒီတာအဖွဲ့သည်လည်း ၉ ရက်နေ့တွင် ပြောင်းရွှေ့ရုံးထိုင်ခဲ့ရကြောင်း သိရပါတယ်။

"ဟုတ်တယ်ဗျ။ မရှိတော့ဘူး။ အယ်ဒီတာချုပ်အပါအဝင် အယ်ဒီတာအဖွဲ့တွေအားလုံးပြောင်းရတယ်။ အင်္ဂလိပ်ပိုင်း၊ မြန်မာပိုင်း အားလုံးပါ။ ဒီမှာက ကြော်ငြာလက်ခံအဖွဲ့လောက်ဘဲ ထားခဲ့တော့တာပါ။ ကျနော်တို့သတင်းထောက်တွေလည်း ပြောင်းရတယ်။" လို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်တဦးက ပြောပါတယ်။

ယခုကဲ့သို့ နေ့စဉ်ထုတ်သတင်းစာနှစ်စောင်မှ အယ်ဒီတာအဖွဲ့ကို နေပြည်တော်သို့ပြောင်းရွှေ့စေခြင်းမှာ သတင်းစာများတွင် အမှားအယွင်းများပါနေသည်ကို စစ်အစိုးရက အနီးကပ်ကြီးကြပ်ပြီး လိုအပ်ပါက အရေးယူအပြစ်ပေးရန်ဖြစ်နိုင်ကြောင်း ပြည်တွင်းသတင်းဂျာနယ်တခုမှ အယ်ဒီတာတဦးကပြောပါတယ်။

သူက "ပြီးခဲ့တဲ့ရက်ပိုင်းကလည်း ရတနာပုံသတင်းစာမှာ ဆူပူမှုဖြင့် ဒီမိုကရေစီ ရနိုင် ဆိုပြီး ဖော်ပြခဲ့တယ်။ ရန်ကုန်အဖွဲ့တွေ နေပြည်တော်ပြောင်းရတာကတော့ အဲဒီထက်စောပါတယ်။ ဒီကိစ္စနဲ့တော့ တိုက်ရိုက်သက်ဆိုင်မှုမရှိနိုင်ဘူး။ ဒါပေမယ့် သတင်းစာကြီးတွေမှာကလည်း အရင်က အမှားတွေရှိခဲ့တော့ အနီးကပ်ခေါ်ထားလိုက်တဲ့သဘော နေမှာပေ့ါ။" လို့ ပြောပါတယ်။

နိုင်ဝင်ဘာ ၁၃ ရက်ထုတ် မန္တလေးအခြေစိုက် ရတနာပုံသတင်းစာရဲ့ စစ်အစိုးရအာဘော်တခုမှာ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင် ဟူသောစာသား၌ 'မ'တလုံးပြုတ်ကာ ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင် ဟု မှားယွင်းဖော်ပြထားပါတယ်။ "အဲဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းစာတိုက်ကဝန်ထမ်း ၁၈ ယောက်ကို စစ်ဆေးနေတယ်လို့ကြားတယ်။ ၁၅ ရက်ညနေပိုင်းက စဖမ်းတာ၊ အဲဒီသတင်းစာက စစ်တပ်ကရှယ်ယာရှင်တွေအများဆုံးနဲ့ ထုတ်နေတာ၊ မန္တလေးတိုင်းမှူးလည်း အဲဒီမှာရှယ်ယာပါတယ်။" လို့ မန္တလေးမြို့ခံတဦးကပြောပါတယ်။

မကြာမီရက်ပိုင်းအတွင်းက သာသနာရေးကိစ္စအတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ ကြော်ငြာတခုသွားထည့်ခဲ့တဲ့ သံဃာတော်တပါးကလည်း "သူတို့ပြောင်းသွားကြပြီတဲ့၊ ရန်ကုန်မှာက နာရေးကြော်ငြာလောက်ဘဲကိုင်ရတော့တယ်လို့ သိမ်ဖြူလမ်း သတင်းစာတိုက်က ဒကာတယောက်ကလျှောက်တယ်။ ဦးဇင်းတို့သာသနာရေးကြော်ငြာကိုတောင် နေပြည်တော်ပို့ပေးရမယ်လို့ သူကပြောတယ်။" ဟုမိန့်ပါတယ်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာအရေးအခင်းပြီးချိန်မှစ၍ စစ်အစိုးရပိုင်သတင်းစာများတွင် သာသနာရေးဆိုင်ရာ ကြော်ငြာများကိုပင် အကန့်အသတ်ဖြင့်သာ ဖော်ပြခွင့်ပြုပြီး ယခုအချိန်အထိ ဘုရားပုံ၊ သံဃာတော်ပုံများဖြင့် ကြော်ငြာထည့်သွင်းခွင့်မရှိကြောင်း အထက်ပါသံဃာကမိန့်ပါတယ်။

အစိုးရနေ့စဉ်ထုတ်သတင်းစာများအနေနဲ့ ရရှိထားတဲ့သတင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်လည်တင်ပြနေရကာ ကကပြန် လို့ခေါ်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ စစ်တပ်ပြန်ကြားရေးဌာနသို့လည်း မိတ္တူပေးပို့နေကြရကြောင်း ထိုဌာနများမှတည်းဖြတ်၍ ပြန်ချပေးသည့်သတင်းများကိုသာ ရိုက်နှိပ်ဖော်ပြနေရကြောင်း စုံစမ်းသိရှိရပါတယ်။

"အဲဒီလိုအဆင့်ဆင့်တည်းဖြတ်ပြီးလို့ ညပိုင်းမှ ဖက်စ်တွေ၊ မေးလ်တွေနဲ့ ရောက်လာတဲ့သတင်းတွေကို ရန်ကုန်မှာညတွင်းချင်း ကွန်ပြူတာစာစီပြီး စက်တင်ရိုက်လုပ်ကြရလို့ အရမ်းပင်ပန်းတယ်လို့ ဝန်းထမ်းတွေညည်းနေကြတယ်။" လို့ ကြော်ငြာသွားထည့်ခဲ့တဲ့ သံဃာတော်ကမိန့်ပါတယ်။

နေပြည်တော်တွင် သတင်းစာပုံနှိပ်စက်ရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းအတွက်သာ ပုံနှိပ်ပြီး မြန်မာနိုင်ငံအောက်ပိုင်းသို့ ဖြန့်ချိမယ့်သတင်းစာတွေကို ရန်ကုန်မှာသာ ပုံနှိပ်ခြင်းဖြစ်တဲ့အတွက် နေပြည်တော်မှပြန်ပို့မယ့်သတင်းများကို စောင့်စားပုံနှိပ်ရတဲ့အတွက် ဝန်ထမ်းများရဲ့အလုပ်ချိန်ပိုလာသဖြင့် မကျေမနပ်ဖြစ်နေကြကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရတက်ချိန်မှ ယခု နအဖ စစ်အစိုးရလက်ထက်အထိ နှစ်ပေါင်း ၄၀ ကျော်ကြာ စာနယ်ဇင်းလွတ်လပ်ခွင့်များ ထိန်းချုပ်ခံထားရပါတယ်။ နေ့စဉ်ထုတ်သတင်းစာများကိုလည်း ပုဂ္ဂလိကထုတ်ဝေခွင့်မပြုဘဲ အစိုးရကသာ ၎င်းတို့အာဘော်များအတိုင်း ရိုက်နှိပ်ထုတ်ဝေလျှက်ရှိပါတယ်။

---

**စာမျက်နှာ ၂ မှ**

ကပ်မှုကို စစ်အစိုးရအနေနဲ့ လက်တွဲညှိနှိုင်းအဖြေရှာသင့်တယ်လို့ ဖော်ပြထားပါတယ်။

"အမေရိကန်သမတ မစ္စတာအိုဘားမာကလည်း အာရှခရီးစဉ်မှာ ဗမာပြည် ညီညွတ်တိုးတက်ငြိမ်းချမ်းတာ သူတို့မြင်ချင်ပါတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးလမ်းကြောင်းပေါ်ကို ဦးတည်လာရင် သူတို့အနေနဲ့ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးဖို့အဆင်သင့်ရှိပါတယ်လို့ပြောတယ်။ နအဖဗိုလ်ချုပ်တွေ တောင်းဆိုနေတဲ့ စီးပွားရေးပိတ်ဆို့မှုတွေ ဖယ်ရှားရေးဆိုတာ အဓိကလုပ်ရမယ့် တာဝန်ရှိသူဟာ နအဖစစ်အစိုးရကိုယ်တိုင်သာဖြစ်တယ်ဆိုတာ အိုဘားမားရဲ့စကားကထင်ရှားစေပါတယ်။"

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လူထုကို ကိုယ်စားပြုပြီး အိုဘားမားအနေနဲ့ နိုင်ငံတကာကို ကိုယ်စားပြုပြီး အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုတွေ၊ နည်းလမ်းအသစ်တွေနဲ့ ပူးပေါင်းလက်တွဲဖို့ တောင်းဆိုနေတဲ့နေရာမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒီအခွင့်အခါကောင်းကိုဆုပ်ကိုင်ပြီး တိုင်းပြည် ပြေလည်ရာ ပြေလည်ကြောင်း ညှိနှိုင်းဆောင်ရွက်ပါ လို့ လေးလေးနက်နက် တိုက်တွန်းတောင်းဆိုချင်တာပါ။"

ကြေညာချက်ရဲ့ နောက်ဆုံးအပိုဒ်မှာ အဖွဲ့ချုပ်က လူထုဦးဆောင်ပါတီအဖြစ် ရွှေဂုံတိုင်ကြေညာစာတမ်းအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး လူထုကို လက်တွဲဦးဆောင်ကာ အချိန်ကိုက်လှုပ်ရှားမှုတွေ လုပ်သွားဖို့ကိုလည်း တိုက်တွန်းတောင်းဆိုထားပါတယ်။

---

## ထိုင်းအတွင်း စစ်တပ်က ကျူးကျော်ဝင်ရောက်

**DVB ၊ နိုဝင်ဘာ ၁၅ ။** ။ ထိုင်း–မြန်မာနှစ်နိုင်ငံနယ်စပ် မြဝတီနဲ့ မဲဆောက်မြို့ကြား သောင်းရင်းမြစ်ထဲက ရေလယ်ကျွန်းကို မြန်မာစပ်တပ်က လက်နက်တွေနဲ့ရုတ်တရက်ဝင်လာပြီး မီးရှို့လိုက်လို့ ပြဿနာဖြစ်ပွားခဲ့ပါတယ်။

ဒီရေလယ်ကျွန်းပေါ်ကို လက်နက်ကိုင်ဆောင်ထားတဲ့ နအဖ စစ်တပ်တွေနဲ့ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝင်တွေအပါအဝင် ပူပေါင်းတပ်ဖွဲ့ဝင်တွေက မနေ့မနက်ပိုင်း ထိုင်းစံတော်ချိန် ၇ နာရီလောက်မှာ ရောက်ရှိလာပြီး ရေလယ်ကျွန်းပေါ်မှာရှိတဲ့ မြန်မာလူမျိုးများနေထိုင်တဲ့ တဲအားလုံးကို မီးရှို့ရှင်းလင်းလိုက်တဲ့အတွက် နှစ်ဘက်နယ်စပ်တင်းမာမှု ဖြစ်ပွားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ထိုင်းတပ်မတော် တပ်ရင်း–၄ က ဗိုလ်မှူးကြီး ဖဒွန်ဖိုင် ဘွန်စက်နဲ့ မြန်မာဘက်က နယ်စပ်ကော်မီတီ ဥက္ကဋ္ဌဒုဗိုလ်မှူးကြီးနန္ဒလင်းတို့ ချစ်ကြည်ရေးတံတားပေါ်မှာ တွေ့ဆုံပြီးတော့ မနက် ၈ နာရီမှာ မြန်မာဘက်က လာတဲ့ ပူးပေါင်းတပ်ဖွဲ့ဝင်တွေ ထွက်ခွါသွားခဲ့ပါတယ်။

"ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နှစ်ဘက်စလုံးမှာ ကော်မတီဖွဲ့ပြီးတော့ ပူး

**စာမျက်နှာ ၆ သို့**

# VB သူ့အမြင်

စက်ာပူနိုင်ငံမှာ မနေ့ကပြုလုပ်ခဲ့တဲ့ အမရိကန်နဲ့အာဆီယံထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံပွဲမှာ အမေရိကန်သမတ မစ္စတာအိုဘားမားဟာ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့နှစ်ဦးချင်း စကားတလုံးမှမပြောခဲ့ပေမယ့် လက်ဆွဲနှုတ်ဆက်ပြီး စားပွဲတခုတည်းမှာအတူထိုင် တွေ့ဆုံခဲ့ကြပါတယ်။ မကြာသေးခင်ကလည်း အမေရိကန်နဲ့မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအပြောင်းအလဲလုပ်ခဲ့ရာမှာ အမေရိကန်အနေနဲ့ မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာ သိသာထင်ရှားတဲ့အပြောင်းအလဲတွေ မဖြစ်မချင်း ကန့်သတ်ပိတ်ဆို့မှုတွေကိုတော့ ဆက်လက်ထားရှိမယ်လို့ကြေညာထားပါတယ်။

ဒီကိ စွနဲ့ပတ်သက်ပြီး RFA ရဲ့ပင်တိုင်ဆောင်းပါးရှင် Larry Jagan ရဲ့သုံးသပ်ထားတဲ့ဆောင်းပါးကို ဒီအပတ်သူ့အမြင် ကဏ္ဍအဖြစ်ဖော်ပြလိုက်ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် မြန်မာပါဝင်တဲ့ဆွေးနွေးပွဲတခုကို အမေရိကန်သမတတက်ရောက်တာဟာ ထူးခြားတဲ့ဖော်ပြချက်တခုဘဲဖြစ်တယ်၊ ဘာမှပြောင်းလဲမှုမရှိတာထက်ဆာရင် အပြောင်းအလဲတခုဖြစ်တာဟာ ပိုကောင်းတယ်ဆိုတဲ့အကြောင်းသူကသုံးသပ်ထားပါတယ်။ အာရှနိုင်ငံရေးအတွက် အထူးသဖြင့် မြန်မာပြည်နိုင်ငံရေးအတွက်ဆိုရင် အချက်ပြလက္ခဏာတွေဟာ အင်မတန်အရေးပါ ပါတယ်။ အမေရိကန် သမတ အိုဘားမားက မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့လက်ဆွဲနှုတ်ဆက်ပြီး စားပွဲတခုထဲမှာ အတူတူထိုင်ပြလိုက်တာဟာ အမေရိကန်အစိုးရရဲ့ အရေးပါတဲ့မူဝါဒအပြောင်းအလဲကို ပြသလိုက်တာဖြစ်ပါတယ်။

ဒီအပြောင်းအလဲတွေဟာ ပြီးခဲ့တဲ့ဂျူလိုင်လမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့တွေ့ဆုံပြီး လက်ဆွဲနှုတ်ဆက်ခဲ့တဲ့အချိန်က စခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အရင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ကွန်ဒိုလီဇာရိုက်စ် လက်ထက်ကဆိုရင် အဲဒီလို လုံးဝလက်ဆွဲနှုတ်ဆက်တာမျိုး မရှိခဲ့ပါဘူး။ တွေ့ဆုံပွဲမှာ သမတ အိုဘားမားဟာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့တိုက်ရိုက်စကားပြောဆိုတာမရှိခဲ့ပေမယ့် တွေ့ဆုံပွဲမိန့်ခွန်းပြောဆိုရာမှာတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့ ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုရည်ညွှန်းပြီး တောင်းဆိုလိုက်တာဟာ အမေရိကန်ရဲ့သဘောထားကို ဖော်ပြလိုက်တာဘဲဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီးသိန်းစိန်ဟာ အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် နဲ့တွေ့ဆုံချိန်မှာ အမေရိကန်ပြည်ထောင်စုနဲ့ နီးနီးကပ်ကပ်ဆက်ဆံလိုကြောင်း၊ အဲဒီအတွက် မစ္စတာဂျင်မ်ဝက်ဘ်နဲ့လက်တွဲလုပ်ဆောင်လိုကြောင်း၊ စကားကမ်းလှမ်းထားခဲ့တာပါ။ အမေရိကန်အစိုးရဟာ သူ့တို့အနေနဲ့ မြန်မာစစ်အစိုးရအပေါ် တစုံတရာသြဇာလွှမ်းမိုးမှုရှိလာပြီလို့ယူဆနေပုံရပါတယ်။ မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးပြီး ရွေးကောက်ပွဲမှာပါဝင်ခွင့်ပြုမယ်လို့ ထင်မြင်နေပုံပါ။

တကယ်ကတော့ အဖြေကထွက်နေပါပြီ၊ ဘာဘဲဖြစ်နေဖြစ်နေ ရွေးကောက်ပွဲတွေကို မကြာခင်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သေသေချာချာစီစဉ်ရေးဆွဲထားတဲ့အတိုင်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံရေးဇာတ်ခုံပေါ်ကမဆင်းခင်မှာ သူနဲ့မြန်မာစစ်တပ်ရဲ့အနာဂတ်အခန်းကဏ္ဍ လုံခြုံစိတ်ချမှုရှိစေဖို့အတွက် ဒီရွေးကောက်ပွဲတွေဟာအလွန်အရေးကြီးပါတယ်။ သူက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲမှာပါဝင်စေချင်တာဖြစ်ပါတယ်။

လာမယ့် ရွေးကောက်ပွဲတွေဟာ အားလုံးပါဝင်မယ့်ရွေးကောက်ပွဲဖြစ်ရပါစေမယ်လို့ သူ့ကိုယ့်စား ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းတို့နှစ်ယောက်က နိုင်ငံတကာမှာလည့်ပြီး ပြောဆိုပေးနေကြတာပါ။ ဒါပေမယ့် ဒါဟာ အဲန်အယ်လ်ဒီပါတီကို ရွေးကောက်ပွဲမှာအနိုင်ရစေချင်လို့တော့မဟုတ်ပါဘူး။ ၂၀၀၈ ခုနှစ်က ဖွတ်အတင်းအတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံဥပဒေအရ ရွေးကောက်ပွဲမှာ စစ်ဗိုလ်တွေအတွက် ၂၅ ရာခိုင်နှုန်း လျာထားပြီးသားဖြစ်ပါတယ်။

အဲန်အယ်လ်ဒီအတွက် လွှတ်တော်ထဲမှာ အမတ်နေရာအများစုရရှိဖို့အတော်ခက်ခဲပါတယ်။ အလွန်ဆုံး အင်အားကောင်းတဲ့အတိုက်အခံအုပ်စုတစု ဖွဲ့နိုင်ရုံလောက်သာ လုပ်နိုင်မှာဖြစ်ပါတယ်။ အမှန်တကယ် ဒီမိုကရေစီနည်းလမ်းကျဖို့ဆိုရင်တော့ နိုင်ငံရေးပါတီတွေကို လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပြုဖို့ လိုအပ်ပါတယ်။ ပိတ်ထားတဲ့ အဲန်အယ်လ်ဒီရုံးခန်းတွေကို ပြန်ဖွင့်ခွင့်ပေးရမှာပါ။ လောလောဆယ်တော့ အဲန်အယ်လ်ဒီခေါင်းဆောင်တွေဘက်က ရွေးကောက်ပွဲဝင်ဖို့ကို ဘာသံမှမထွက်သေးပါဘူး။

အခုတခါရွေးကောက်ပွဲဝင်မယ်ဆိုရင်လည်း အရွေးခံမယ့်ကိုယ်စားလှယ်လောင်းတွေအတွက် အကန့်အသတ်တခုဖြစ်တဲ့ မှတ်ပုံတင်ကြေးကိစ္စကို ရင်ဆိုင်ရအုန်းမှာပါ။ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲတုန်းက ကိုယ်စားလှယ်လောင်းတွေဟာ မှတ်ပုံတင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ တထောင်နဲ့ညီမျှတဲ့ငွေကိုသွင်းခဲ့ရပါတယ်။ အခုဆိုရင်တော့ နှစ်ဆတက်သွားဖို့ရှိပါတယ်။ ရွေးကောက်ပွဲဖြစ်မယ်ဆိုရင်တောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့အလားအလာဟာ အဓိကမေးခွန်းထုတ်စရာဖြစ်နေပါတယ်။

တခု သေချာတာကတော့ ရွေးကောက်ပွဲမတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်ပေးဖို့အလားအလာ အတော်များများရှိနေပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်ခွင့်ပေးဖို့တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လုံးဝခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေအကျပ်အတည်းမကျအောင် ဒေါ်အောင်ဆန်းစုကြည်ဘက်က ဘယ်လောက်ကတိပေးနိုင်မလဲဆိုတဲ့အပေါ်မှာမူတည်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း အင်မတန်လာဒ်မြင်ပါတယ်။ အမေရိကန်အပြောင်းအလဲကိုကြေညာလိုက်ပြီး ချက်ချင်းဆိုသလို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကိုပေးတဲ့စာမှာ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာပိတ်ဆို့အရေးယူမှုတွေလျော့ချရေးအတွက် စစ်အစိုးရနဲ့တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုခဲ့ပါတယ်။ အခုတခါ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံဆွေးနွေးလိုကြောင်း စာပေးပို့လိုက်ပြန်ပါတယ်။

အမေရိကန်အစိုးရကလည်း တွေ့ဆုံဆွေးနွေးရေးကိုဖြစ်ပေါ်စေချင်နေတာပါ။ ဘယ်လိုဘဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့သဘောတူညီမှုတစုံတရာ ရရှိခဲ့မယ်ဆိုရင်တော့ ရွေးကောက်ပွဲမတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်လာနိုင်သလို ရွေးကောက်ပွဲဟာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေစီစဉ်ထားတာထက်ပိုပြီး လွတ်လပ်မျှတပြီး အားလုံးပါဝင်နိုင်တဲ့ရွေးကောက်ပွဲဖြစ်လာနိုင်ပါတယ်။

လာမယ့်ရွေးကောက်ပွဲတွေကို မြန်မာစစ်အစိုးရရဲ့မိတ်ဆွေတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေနဲ့ တရုတ်နိုင်ငံအပါအဝင် တကမ္ဘာလုံးကစောင့်ကြည့်နေကြတယ်ဆိုတာကို အခုအခါမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ နားလည်သဘောပေါက်သင့်နေပါပြီ။ ☆☆☆☆☆

# 2009 သတင်းပြက္ခဒိန်

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**နိုဝင်ဘာ ၁၃ ၊ Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းချထားခြင်းမှ လွှတ်ပေးရန် သူမ၏ ရှေ့နေများမှ အယူခံတင်သွင်း၏။

**နိုဝင်ဘာ ၁၄ ၊ TKY။ ။** ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအကျဉ်းသားများအားလွှတ်လျှင် မြန်မာအမေရိကန်ဆက်ဆံရေး တိုးတက်နိုင်ကြောင်းဖြင့် သမတအိုဘားမားမှ မြန်မာသို့လက်ကမ်းပြောဆို၏။

**နိုဝင်ဘာ ၁၅ ၊ EarthTimes ။ ။** TRT သည် ထိုင်းသို့ရေနံရောင်းငွေ ဩဂုတ်လအတွက် ဒေါ်လာသန်း ၅၈၉ ရခဲ့၏။ ဧပြီအထိ ၆ လအတွက် ဒေါ်လာ ၁.၂ဘီလီယံရခဲ့၏။

**နိုဝင်ဘာ ၁၅ ၊ SPR-Rtrs ။ ။** အိုဘားမားသည် နအဖဝန်ကြီးချုပ်သိန်းစိန်နှင့်တွေ့စဉ် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးကို တောင်းဆိုခဲ့ကြောင်း။

**နိုဝင်ဘာ ၁၅ ၊ AP ။ ။** အိုဘားမားနှင့် အာဆီယံဆွေးနွေးအဖွဲ့ များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးတောင်းဆိုချက်ကို အာဆီယံ အစည်းဝေး ပိတ်စာတမ်းတွင် ပီပီပြင်ပြင်ထဲ့သွင်းဖေါ်ပြ တောင်းဆိုသောစာသား အေပီသတင်းမှရသော နောက်ဆုံးမူကြမ်းတွင် မပါကြောင်း။

**နိုဝင်ဘာ ၁၆ ၊ AP ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်သန်းရွှေထံ မြန်မာနိုင်ငံရင်ကြားစေ့ရေးဆွေးနွေးလိုကြောင်း စာကမ်းလှမ်းထားကြောင်း အဲန်အဲလ်ဒီမှဆို၏။

**နိုဝင်ဘာ ၁၇ ၊ Irrawaddy ။ ။** မိတ္ထီလာတွင် နိုင်ငံရေးအကျဉ်းကျနေသူ ကိုထွန်းထွန်းဦးသည် မိခင်ထံ ကျွန်တော့်အတွက်မပူနှင့်၊ ဒေါ်အောင်ဆန်းစုကြည်လွှတ်တော့မည်ဟု သူ့ညီအကိုနှင့်စကားပါးလိုက်၍ ၇၂ ရှယ်မိခင်သည် မျက်ရည်ကျခဲ့ရကြောင်း။

**နိုဝင်ဘာ ၁၇ ၊ Irrawaddy ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးရန် ဗိုလ်ချုပ်သန်းရွှေသို့ကမ်းလှမ်းချက်ကို မြန်မာအခြေအနေစောင့်ကြည့်သူများစွာမှကြိုဆိုကြောင်း။

**နိုဝင်ဘာ ၁၇ ၊ DVB ။ ။** နအဖသည် နိုင်ငံခြားသားခရီးသည်များကို မြန်မာတွင် မမြင်စေလိုသောနေရာများကို ပိတ်ပင်ထား၏။ ဖုံးကွယ်ထားမှုများတွင် နအဖ၏ရှမ်းပြည်ရှိ နအဖတပ်များသည် လယ်မြေသိမ်းခြင်း၊ ငွေညှစ်ခြင်း၊ အဓမ္မလုပ်အားပေးစေခြင်းများဖြင့် အသက်ဆက်နေကြောင်း ရှမ်းအမျိုးသမီးအဖွဲ့ SWAN မှဆို၏။

**နိုဝင်ဘာ ၁၈ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ နအဖဗိုလ်ချုပ်သန်းရွှေထံ တွေ့ဆုံဆွေးနွေးရေးစာကို အဲန်အဲလ်ဒီမှတဆင့် မြန်မာပြည်သူသို့အိပ်ဖွင့်စာဖြန့်ခဲ့ကြောင်း။

**နိုဝင်ဘာ ၁၈ ၊ ND ။ ။** ဒီမိုကရေစီရရှိရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကြိုးပမ်းမှုများသည် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကြောင့် ရပ်တန့်သွားမည်မဟုတ်ဟု ချင်းတိုင်းရင်း ဗိုရမ်မှဆို၏။

**နိုဝင်ဘာ ၁၈ ၊ Irrawaddy ။ ။** နအဖသည် လွန်ခဲ့ သည့် ၇ လတွင်း ကလေးစစ်သည် အနည်းဆုံး ၁၁၂ ဦး စည်းရုံးခဲ့ကြောင်း မြန်မာလူ့အခွင့်အရေးအဖွဲ့ဦးအေးမြင့်မှဆို၏။

**နိုဝင်ဘာ ၁၈ ၊ Irrawaddy ။ ။** ၁၄ ရက်နေ့က ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်တွင် အိမ်မြေများကို နအဖလက်နက်ကိုင်ရဲများမှ အမိန့်အရဟုဆိုကာ သိမ်းယူခဲ့ကြောင်း။

**နိုဝင်ဘာ ၁၈ ၊ DVB ။ ။** မြန်မာတွင် အဓမ္မလုပ်အားခိုင်းစေမှုတိုင်ကြားမှုသည် ၅၀ ရာနှုန်းတိုးမြင့်ခဲ့ကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့ မှဆို၏။

**နိုဝင်ဘာ ၁၈ ၊ Mizzima ။ ။** ဖမ်းဆီးထားသော သတင်းလောကမှ ပုဂ္ဂိုလ်အားလုံးအား ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အားလုံးလွှတ်ရန် မဇ္ဈိမသတင်း အပါအဝင်သ တင်းအဖွဲ့ ၁၁ ဖွဲ့ဖြင့်ဖွဲ့စည်းထားသော Burma News International (BNI) မှ နအဖသို့ တောင်းဆို၏။

**နိုဝင်ဘာ ၁၉ ၊ Irrawaddy ။ ။** မြန်မာပြည်မမှ မိုင် ၃၀၀ ကွာ ကိုကိုးကျွန်းအား ခရီးသည်အပမ်းဖြေစခန်းအဖြစ်ဖွင့်ရန် နအဖမှစီစဉ်နေကြောင်း။

**နိုဝင်ဘာ ၁၉ ၊ SPR ။ ။** အမေရိကန်သမတအိုဘားမားသည် နအဖဝန်ကြီးချုပ်သိန်းစိန်နှင့် အာဆီယံထိပ်သီးများနှင့် တစားပွဲတည်း မိနစ် ၉၀ ထိုင်ဆွေးနွေးခဲ့၏။

**နိုဝင်ဘာ ၁၉ ၊ Mizzima ။ ။** ရွှေဂုံတိုင်ကြေညာချက်ကို ဆက်လက်စွဲကိုင်ရန်ဆုံးဖြတ်လိုက်ကြောင်း (NLD–LA) မှနိုဝင်ဘာ ၁၅–၁၇ ဆွေးနွေးပွဲတွင်ဆို၏။

**နိုဝင်ဘာ ၁၉ ၊ Irrawaddy ။ ။** HIV-AIDS နှင့် ငှက်ဖျားတိုက်ဖျက်ရန် Global Fund သည် မြန်မာသို့ ၂ နှစ်တာ ဂရန့်ကူငွေ ဒေါ်လာသန်း ၁၁၀ ကူမည်။

**နိုဝင်ဘာ ၁၉ ၊ Irrawaddy ။ ။** တရုတ်မြန်မာနယ်စပ် ရောဝတီရေကာတာအား ကချင်ပြည်နယ်သားများသည် ဆန့်ကျင်ကြောင်း။

**နိုဝင်ဘာ ၁၉ ၊ Gulf News ။ ။** မြန်မာမှ မိမိနယ်အဖြစ်အသိအမှတ်ပြုပေးရန် တောင်းဆိုထားသည့် ဘင်္ဂလားအော်မှ ကျွန်းမြေကို ကုလသမဂ္ဂသည် မဆုံးဖြတ်နိုင်သေးကြောင်း။

**နိုဝင်ဘာ ၁၉ ၊ Independent-LDN ။ ။** မုန်တိုင်းကြောင့် မိဘမဲ့ကလေးများ၏ ကံကြမ္မာကို ဗွီဒီယိုမှတ်တမ်းသည် ယနေ့လန်ဒန်တွင် Rory PecksRory Pecks ဆုရမည် ဖြစ်သော်လည်း မှတ်တမ်းတင်ဗွီဒီယိုထုတ်လုပ်သူ လျှို့ဝှက်အမည်T သည် မြန်မာတွင် ထောင်ဆယ်နှစ်ကျနိုင်သည့်အမှုဖြင့်တရားစွဲခံရမည်ဟုအာဏာပိုင်များမှဆို၏။

**နိုဝင်ဘာ ၁၉ ၊ DVB ။ ။** ၂၀၀၇ သံဃာအရေးအခင်းမီးမွှေးသူတဦးဟု သမုတ်ခံရသူကိုကံမြင့်သည် လက်ရှိထောင်ဆယ်နှစ်သို့ ထောင်ရှစ်နှစ် ထပ်ဖြည့်အပေးခံခဲ့ရကြောင်း။

**နိုဝင်ဘာ ၁၉ ၊ MSF ။ ။** မြန်မာတွင် HIV ရောဂါသည်များ ငွေမရှိ၍ မသေသင့်ဘဲ သေကြရကြောင်း ပြင်သစ်မှနယ်ခြားမဲ့ဆရာဝန်များအဖွဲ့ MSF မှ Peter Paul de Groote မှဆို၏။

**နိုဝင်ဘာ ၁၉ ၊ UPI ။ ။** ၈၂ ကြိမ်မြောက် အယ်ဒမီဆုရှင်အဖြစ် နောက်ဆုံးလက်ရွေးစင် ၁၅ ခုတွင် သံဃာဆန္ဒပြပွဲသတင်းမှတ်တမ်းတင်သူများ၏စွန့်စားမှုကို မှတ်တမ်း တင်ထားသော မြန်မာမှဗွီဒီယိုသတင်းထောက် အမည်ရှိရုပ်ရှင် လည်းပါဝင်ကြောင်း။

**နိုဝင်ဘာ ၁၉ ၊ GENEVA ။ ။** နာဂစ်မုန်တိုင်းတွင် မြန်မာပြည်သူသိန်းချီအသက်ဆုံးရှုံးရခြင်းသည် နအဖသည် မုန်တိုင်းလာမည်ကို ကြေညာသော်လည်း နောက်ဆက်တွဲ ရေတက်ခြင်းနှင့် ဆယ်ပေကျော်လှိုင်းလုံးများအန္တရာယ်အကြောင်း မပါခဲ့ခြင်းကြောင့်ဟု ကုလသမဂ္ဂမှဆို၏။

**နိုဝင်ဘာ ၁၉ ၊ Irrawaddy ။ ။** ဗိုလ်တထောင်ဘုရားနှင့်ကျော်ကားကန်ရှိ မြန်နန်းနွယ်နတ်ဆင်းတုများကို ဝန်ထမ်းအချို့မှ ည ၁၁ နာရီမှနံက် ၆ နာရီထိ လက်ထိပ်ခတ်နေ၏။

**နိုဝင်ဘာ ၂၀ ၊ Mizzima ။ ။** နအဖ ကွန်မန်ဒါများသည် နေပြည်တော်တွင် ဆွေးနွေးရန်ရောက်ရှိလာကြောင်း။

**နိုဝင်ဘာ ၂၀ ၊ Malaysian Insider ။ ။** နိုဝင်ဘာ ၁၁ နေ့စွဲစာဖြင့် ဒေါ်အောင်ဆန်းစုကြည်မှဆွေးနွေးရန် တောင်းဆိုသလို နအဖဗိုလ်ချုပ်သန်းရွှေသည် လိုက်လျောဆွေး နွေးမည်လောဟု Nirmala Gosh မှ သတင်းသုံးသပ်၏။

**နိုဝင်ဘာ ၂၀ ၊ SEOUL ။ ။** ရွှေဓါတ်ငွေ့ စီမံကိန်း၏ ဒေါ်လာ ၁.၄ ဘီလီယံတန် A-1, A-3 ဆောက်လုပ်ရေးအတွက် ဒိုင်းဝူးသည် ဟွန်ဒိုင်း HHI အား ရွေးချယ်ခဲ့၏။

**နိုဝင်ဘာ ၂၀ ၊ UN ။ ။** မြန်မာနှင့် မြောက်ကိုးရီးယားတို့အား ကြီးမားသော လူ့အခွင့်အရေးဖေါက်ဖျက်မှုများဖြင့် ကုလအထွေထွေညီလာခံမှ ပြစ်တင်လိုက်ကြောင်း။

**စာမျက်နှာ ၁၂ သို့**

# ကားတိုက်ခံရ၍ ဒဏ်ရာရသူကို ဆေးဖိုးမပေးနိုင်၍ ဆေးရုံက နှင်ထုတ်

**DVB၊ နိုဝင်ဘာ ၁၆ ။**　　။ ရန်ကုန်တိုင်းတွံ့တေးမြို့နယ်မှာ ကားတိုက်ခံရတဲ့လူနာက ဆေးရုံကို လျှပ်စစ်မီးဖိုး ငွေပေးရပြီး ဆေးဖိုး ချက်ခြင်းမပေးတဲ့အတွက် ဆရာဝန်က ကုသမပေးဘူးလို့ သိရပါတယ်။

ဒီလ ၁၂ ရက်နေ့က တွံ့တေးကနေ ရန်ကုန်ကို ဆိုင်ကယ်တက္ကစီနဲ့သွားတဲ့ မအေးချို (ခေါ်) မသီတာဝင်းဟာ ရန်ကုန်ကလာတဲ့ ကားတိုက်ခံရပြီး လက်မောင်းမှာ ဒဏ်ရာရခဲ့တာပါ။ တွံ့တေးမြို့နယ်ဆေးရုံကို သွားတဲ့အခါမှာ အခက်အခဲကြုံရပုံကို မသီတာဝင်းရဲ့အစ်မက ပြောပါတယ်။

"ဆေးရုံရောက်ရောက်ချင်း ကျမညီမလေး လက်အရမ်းကိုက်တဲ့အတွက် ဆေးထိုးပေးဖို့ပြောတဲ့အခါမှာ ဆေးရုံဆရာမ ဒေါ်ဆင့်ဆင့်သီနဲ့နာ့စ်မတယောက်ကလောလောဆယ် မီးလုံးဝမလာတဲ့အတွက် မီးစက်မောင်းပြီး မီးထွန်းဖို့ ငွေ ၁ သောင်း အခုပေးဆိုပြီး ချက်ချင်းတောင်းတယ်။ ကျမတို့ဆီက ငွေ ၁ သောင်းကိုယူပြီးတော့ အဲဒီဆရာဝန်မပြန်သွားတယ်။ ပြန်သွားပြီးတော့ ဆေးဝါးကုသပေးဖို့ထပ်တောင်းပန်ပြီး အကြိမ်ကြိမ်ပြောတဲ့အခါမှာ ဘာမှလုပ်ဆောင်ပေးခြင်းမရှိဘူး။"

"နင်တို့ ပိုက်ဆံမပေးရင် ဆေးရုံတက်စရာမလိုဘူး။ လုပ်ပေးစရာလည်း အကြောင်းမရှိဘူး။ ငါတို့က လုပ်ပိုင်ခွင့်တွေရှိတယ်။ နင်တို့ ဒါ ဝတ္တရားလာနှောင့်ယှက်နေတာဆိုပြီးတော့ အဲဒီ ဒေါက်တာမဒေါ်ဆင့်ဆင့်သီကပဲ ကျမတို့ကို ရဲစခန်းမှာသွားပြီး ဝတ္တရားနှောင့်ယှက်ပါတယ်ဆိုပြီး အမှုဖွင့်ထားတယ်။ အဲလိုပြောပြီး ဆေးဖိုးမပေးနိုင်လို့ အခုချက်ချင်းဆင်းဆိုပြီး ကျမတို့ကို မောင်းချလိုက်တယ်။"

ဆေးရုံပေါ်ကနေ နှင်ချတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဒေါက်တာဒေါ်ဆင့်ဆင့်သီကိုဆက်သွယ်ခဲ့ပေမယ့် နေမကောင်းဘူးလို့ ဖုန်းကိုင်သူက ဖြေပါတယ်။ ဆေးရုံပေါ်က နှင်ချခံရလို့ မကျေနပ်တဲ့အတွက် ရဲစခန်းကို သွားတိုင်တဲ့အခါ ရဲစခန်းက လက်မခံတဲ့အပြင် နှင်ချတဲ့ဆရာဝန်က တိုင်တာကိုတော့ လက်ခံထားတယ်လို့ ပြောပါတယ်။

"အမှုဖွင့်တဲ့အခါမှာ ဒီမိန်းမက ဝန်ထမ်းဖြစ်နေတဲ့အတွက် သူတို့က ဖွင့်ပေးပိုင်ခွင့် မရှိဘူးဆိုပြီး ရဲစခန်းက ကျမတို့ကို ပြောလိုက်တယ်။" ရဲစခန်းက ကားတိုက်တဲ့ ကားသမားကိုသာ အမှုဖွင့်ပေးတယ်လို့ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးရဲစခန်းကို ဆက်သွယ်ပေမယ့် ဘာမှဖြေကြားခြင်းမရှိပါဘူး။ တွံ့တေးဆေးရုံမှာ ငွေရှိတဲ့သူတွေကိုပဲ မျက်နှာသာပေးကုသပေးနေပြီး ငွေမရှိ သူတွေကိုခွဲခြားဆက်ဆံတာ၊ ဆေးကုမပေးတာတွေဟာ အမြဲဖြစ်နေကာ သက်ဆိုင်ရာကို တိုင်လည်း ဘာမှအရေးမယူဘူးလို့ တွံ့တေးမြို့ခံတဦးက ပြောပါတယ်။

"ဒီတွံ့တေးမြို့နယ်မှာ ဒီဆေးရုံကိစ္စ ကြီးကြီးကျယ်ကျယ်ဖြစ်နေတာ တော်တော်ကြာပြီ။ ပိုက်ကြီးသည်မ မွေးမယ့်အချိန်ကျရင် ခွဲခန်းထဲထည့်လိုက်တယ်။ ပိုက်ဆံ ၁ သိန်းတောင်းတယ်။ ၁ သိန်းမပေးလို့ဆိုပြီး လုံးဝမခွဲပေးဘူး။ ဆရာဝန်ကြီးကလည်း အပြင်ဆေးခန်းဖွင့်ပြီး ဆေးရုံကပစ္စည်းတွေ ယူပြီး ရောင်းစားတဲ့ပုံစံမျိုးတွေလုပ်တယ်။ ဂွမ်းလိပ်တောင် ဆေးရုံမှာ ဝယ်ရတယ်။ အထက်အာဏာပိုင်အဆင့်ဆင့်ကို ပြည်သူတွေတိုင်တယ်။ တိုင်တဲ့အခါတွေမှာလည်း ဘာမှအရေးယူဆောင်ရွက်ပေးတာ မရှိတဲ့အတွက် ပြည်သူတွေ တော်တော်နစ်နာတယ်။"

# ရှမ်းနှစ်သစ်ကူးပွဲတော် ရန်ကုန်မှာကျင်းပ

**DVB၊ နိုဝင်ဘာ ၁၆ ။**　　။ ရှမ်းသက္ကရာဇ် ၂၁၀၄ ခုကို ကြိုဆိုတဲ့အနေနဲ့ ရန်ကုန်၊ တောင်ကြီး၊ မူဆယ်၊ နမ့်ခမ်း၊ ကျိုင်းတုံစတဲ့ ဒေသအသီးသီးမှာ ရှမ်းတိုင်းရင်းသားတွေက ဒီနေ့ညမှာ နှစ်သစ်ကြိုဆိုပွဲတွေ ကျင်းပနေကြပြီဖြစ်ပါတယ်။

ရှမ်းသက္ကရာဇ် နှစ်ဟောင်း ၂၁၀၃ ခု ကုန်ဆုံးပြီး ၂၁၀၄ ခု နှစ်သစ်ကိုကူးပြောင်းတော့မှာဖြစ်တာကြောင့် ညသန်းခေါင်ကျော်အထိ နှစ်သစ်ကို စောင့်ကြိုနေကြတာ ဖြစ်ပါတယ်။ ရာသီဥတုက ချမ်းအေးတာကြောင့် စောင့်ကြိုနေချိန်မှာ မီးပုံတွေလုပ်ပြီး ရိုးရာအစားအစာ၊ ယဉ်ကျေးမှုအကတွေပါဝင်တဲ့ ပျော်ပွဲရွှင်ပွဲတွေလုပ်ပြီး ကြိုဆိုကြတာဖြစ်ပါတယ်။ ရှမ်းနှစ်သစ်ကူးပွဲကို ဒေသအသီးသီးရှိ ရှမ်းစာပေနဲ့ယဉ်ကျေးမှုအဖွဲ့က ဦးစီးကျင်းကြတာဖြစ်ပြီး ရန်ကုန် ၉ မိုင်ရှိ ရှမ်းဘုန်းကြီးကျောင်းမှာ ကျင်းပတဲ့ပွဲအခြေအနေကို အဖွဲ့ဝင်တဦးက ရှမ်းဘာသာစကားနဲ့ပြောပါတယ်။

"အဓိကတော့ ရှမ်းစာပေနဲ့ ရိုးရာယဉ်ကျေးမှုတွေကို နောင်လာနောက်သားတွေ ဆက်လက် လက်ဆင့်ကမ်းနိုင်အောင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ကြတဲ့ပုဂ္ဂိုလ် ၄ ဦးကို ဒီနှစ်အတွက် ဘွဲ့တံဆိပ် အပ်နှင်းပါတယ်။ ပေါ်ဦးစကောက်ပဲသီးနှံတွေကို အလှူဒါန ကောင်းမှုပြုတဲ့အနေနဲ့ ရိုးရာထမင်းထုပ်တွေ လှူဒါန်းပါတယ်။ ညပိုင်းမှာတော့ ရိုးရာဝတ်စားဆင်ယင်မှု၊ အကအလှတွေနဲ့နှစ်သစ်ကို ကြိုဆိုနေကြတယ်။"

ရန်ကုန်မှာလုပ်တဲ့ပွဲကို သီပေါ၊ မူဆယ်၊ ကျိုင်းတုံနဲ့ ရှမ်းပြည်တောင်ပိုင်းက ရိုးရာယဉ်ကျေးမှုအဖွဲ့တွေကလည်း လာရောက်ပူးပေါင်းတယ်လို့ပြောပါတယ်။ ရှေးနှစ်ပေါင်းများစွာက ကောက်သစ်စားပွဲကနေ အစပြုခဲ့တဲ့ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့မှာ သတ်မှတ်ကျင်းပတာဖြစ်ပါတယ်။ အစဉ်အလာအရ ညသန်းခေါင်ကျော်အထိ နှစ်သစ်ကို စောင့်ကြိုခြင်း၊ နှစ်သစ်ကူးနေ့မှာ ခြံထွက်သီးနှံတွေကို ဘုန်းကြီးကျောင်းမှာ အလှူဒါနပြုရေစက်ချအမျှဝေခြင်းနဲ့ အားကစားပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေ ကျင်းပပါတယ်။ ရှမ်းနှစ်သစ်ကူးပွဲတော်ကို မြန်မာပြည်တွင်းသာမက ပြည်ပရှိ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အင်္ဂလန်အပြင် ရှမ်းတိုင်းရင်းသား အများအပြားရှိတဲ့ ဒေသတချို့တွေမှာလည်း ကျင်းပကြတယ်လို့သိရပါတယ်။

# သင်္ဘောမှောက် ခရီးသည်သေဆုံးမှုများ

**DVB၊ နိုဝင်ဘာ ၁၆ ။**　　။ ဧရာဝတီတိုင်း ပုသိမ်မှာ လူစီး သင်္ဘောတစီး တိမ်းမှောက်ခဲ့ပြီး ခရီးသည်တွေ သေဆုံး ပျောက်ဆုံးနေဆဲလို့ သိရပါတယ်။

မှောက်သွားတဲ့ သင်္ဘောကတော့ 'နေမျိုးထွန်း' လို့ နာမည်ပေးထားတဲ့ ပုသိမ်–သက်ကယ်သောင်သွား လူစီးသင်္ဘော ဖြစ်ပါတယ်။ ခရီးသည် ၁၅၀ လောက်ပါတဲ့ အဲဒီ သင်္ဘောဟာ တနင်္ဂနွေနေ့ညက သက်ကယ်သောင်ကိုအသွား ရှမ်းငူရွာအနီးမှာ တိမ်းမှောက်ခဲ့တာပါ။ ကယ်ဆယ်ရေးစခန်းအနီး နေထိုင်သူတွေရဲ့ပြောပြချက်အရ ခရီးသည် ၁၂၈ ဦး အသက်ရှင်ပြီး ၉ ဦး သေဆုံးကာ ကျန်လူတွေကတော့ ပျောက်ဆုံးနေဆဲလို့ သိရပါတယ်။

"၇ နာရီမှာ ထွက်တဲ့သင်္ဘောပါ။ မိနစ် ၃၀ လောက်ပဲ ဝေးတယ်။ မောင်းသွားတဲ့အချိန်လေ။ ဟိုသင်္ဘောက ရပ်ထားတယ်။ ထွက်သွားတဲ့ သင်္ဘောကဝင်ပြီးတော့ တိုက်မိသွားတာ။ ကျနော်တို့ သိရတာက မောင်းတဲ့ ဆလင်က နောက်ဘက်ကို သွားနေတုန်း ကလေးတွေ မောင်းတယ်လို့ သတင်းကြားတယ်။ ပါသွားတာကတော့ ခရီးသည်က ၁၅၀ ပတ်ဝန်းကျင်လောက် ပါသွားတယ်လေ။"

"သေဆုံးတဲ့လူက ၉ ဦးပဲရှိတယ်။ ၁၂၈ ဦးက ရထားပြီ။ ကျန်တဲ့လူက ပျောက်ဆုံးနေတာပေါ့။ အခုသေဆုံးတဲ့အထဲမှာ အမျိုးသမီးများတယ်၊ အခုလောလောဆယ်တော့ အဲ့ဒီနေရာမှာ ဝဲဒဏ်တွေများတယ်။ ခွဆုံဖြစ်နေတာကိုး။ မြုပ်သွားရင် ချက်ချင်းရဖို့မလွယ်ဘူး။ ဝဲဒဏ်တွေဖြစ်နေတယ်။ ရေက အစီးသန်တယ်။ ပုသိမ်ဆိပ်ကမ်းမြို့တော်ခန်းမကြီးမှာ ကြက်ခြေနီကယ်ဆယ်ရေးစခန်း ရှိတယ်။ ဖွင့်ပြီးတော့ သူက အဲ့ဒီကနေ ကယ်ဆယ်တယ်လေ။ သူက အသိပေးပြီးတော့ တီဗွီမှာကြေညာပေးတာပေါ့။"

သေဆုံးသွားတဲ့ ခရီးသည်တွေရဲ့အလောင်းကို ရင်ခွဲရုံကိုပို့ထားပြီး အသက်ရှင်တဲ့ ခရီးသည်တွေကို နေရပ် ပြန်ပို့ပေးတယ်လို့ ဒေသခံတွေက ပြောပါတယ်။ သင်္ဘောတိမ်းမှောက်မှုနဲ့ပတ်သက်ပြီး ဆေးရုံရောက်လာတဲ့ လူနာမရှိဘူးလို့ပုသိမ်ဆေးရုံ တာဝန်ကျဆရာဝန်တဦးက ပြောပါတယ်။

"လူ အသေအပျောက်ရှိတယ် မရှိဘူးဆိုတာတော့ မသိဘူး၊ လောလောဆယ်တော့ ဆေးရုံကို လူနာမရောက်ဘူး။ "အသေအချာတော့ သိပ်မသိရသေးဘူး။ အလောင်းဆယ်တုန်း။" လူအသေအပျောက်ဟာ ထင်တာထက် ပိုများနိုင်ကြောင်း သုံးသပ်သူတွေက ပြောပါတယ်။



## လျစ်လျူရှုခံနေခြင်း

မြန်မာနိုင်ငံမှာ HIV ရောဂါပိုးကူးစက်ခံရသူ ၂၄၀၀၀၀ ခန့်ရှိတယ်လို့ တွက်ချက်မှုတွေအရသိရပါတယ်၊ ရောဂါကုသမှုခံယူရရှိတဲ့သူတွေနဲ့ မရရှိတဲ့သူတွေကြားထဲက ကွာဟချက်ကြီးမားနေတယ်လို့လည်း သိရပါတယ်၊ ရောဂါသည် ၇၅၀၀၀ လောက်ဟာ ဆေးကုသခံယူရမှုရဖို့လိုအပ်နေပါတယ်။ စစ်အာဏာပိုင်တွေဟာ စစ်ရေးအသုံးစရိတ်ကို နိုင်ငံဘတ်ဂျက်ရဲ့ တဝက်လောက်ကို သုံးစွဲနေပြီး ကျန်းမာရေးနယ်ပယ်မှာ ၀.၃ ရာခိုင်နှုန်းပဲသုံးတာမို့လို့ အဲဒီအထဲက HIV/AIDS အတွက် သုံးစွဲမှုဟာ အင်မတန်မှကိုနည်းပါးလှပါတယ်။ ဒီဟာက ရောဂါရှင်တိုးပွားမှုနဲ့ ဆေးကုသမှုမပေးနိုင်ခြင်းရဲ့အရင်းအမြစ်ဖြစ်နေပါတယ်။ **(REUTERS, VOB, 19.22.2009)**

## ကိုကိုးကျွန်း အလည်ခရီး

တချိန်တခါက နိုင်ငံရေးအကျဉ်းသားတချို့နဲ့ ရာဇဝတ်သားတချို့ကို အကျဉ်းချခဲ့တဲ့ မိစ္ဆာကျွန်းလို့ ခိုင်းနှိုင်းသုံးစွဲခဲ့တဲ့ ကိုကိုးကျွန်းကို အပန်းဖြေခရီးလှည့်လည်ရာ နေရာအဖြစ် ပြောင်းလဲလုပ်ဆောင်နေပါပြီ၊ ခရီးသည်တွေအနေနဲ့ သင်္ဘောနဲ့ ၂ ရက်သွားပြီးနောက် ကိုကိုးကျွန်းမှာ ၂ ရက်ကြာနေထိုင်တဲ့ခရီးစဉ်ကို မြန်မာပြည်တွင်းက ခရီးသွားလုပ်ငန်းက စတင်စီစဉ်လုပ်ဆောင်နေပါတယ်လို့ သိရပါတယ်။ ပြည်တွင်း ပြည်ပခရီးသည်တွေကို ဆွဲဆောင်နိုင်မယ့်နေရာဖြစ်တယ်လို့ဆိုပါတယ်။ **(IRRAWADDY, VOB, 19.11.2009)**

## ပုသိမ်ကသင်္ဘောမှောက်မှု

နိုဝင်ဘာ ၁၅ ရက်နေ့ညပိုင်းက ပုသိမ်နဲ့ သက်ကယ်သောင်ကိုသွားတဲ့ ခရီးသည်တင်သင်္ဘောတစင်းဟာ ရေနံတင်သင်္ဘောတစင်းနဲ့တိုက်မိခဲ့ပြီး ခရီးသည်တွေ သေဆုံးပျောက်ဆုံးမှုတွေရှိနေတယ်လို့သိရပါတယ်၊ နိုဝင်ဘာ ၁၇ ရက်နေ့အထိ ခရီးသည် အနည်းဆုံး ၅၀ လောက်သေဆုံးသွားခဲ့တယ်ဆိုတာကို သက်ဆိုင်ရာ အာဏာပိုင်တွေက အတည်ပြုပါတယ်၊ ပျောက်ဆုံးသူ ၁၈ ဦးရှိနေပြီး ရေနစ်သေဆုံးသွားပြီလို့ ယူဆရပါတယ်၊ တချို့ခရီးသည်တွေကို ကယ်တင်ပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။ **(AFP, 17.11.2009)**

## တရုတ်–မြန်မာ ရထားလမ်း

နအဖစစ်အာဏာပိုင်တွေဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ လားရှိုးနဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲက ကြယ်ဂေါင်နဲ့ ရထားလမ်းဆက်သွယ်ဖောက်လုပ်ဖို့ကိစ္စကို တရုတ်အာဏာပိုင်တွေနဲ့ ဆွေးနွေးမှုတွေကို စတင်လုပ်ဆောင်နေပြီလို့သိရပါတယ်၊ ဖြစ်နိုင်မယ့်လမ်းကြောင်းအနေအထားကို ရွေးချယ်ထားတာ သုံးခုရှိပြီး ဆွေးနွေးနေဆဲလို့သိရပါတယ်။ **(EARTH TIMES, 18.11.2009)**

## မြန်မာ့လူ့အခွင့်အရေးကုလပြစ်တင်

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စနစ်တကျနဲ့ ပြုလုပ်နေတယ်လို့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ လူ့အခွင့်အရေးဆိုင်ရာအထူးကော်မတီတရပ်က ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲ ၂၆ မဲ၊ မဲမပေးပဲနေတာ ၆၅ မဲနဲ့ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အဲဒါအပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံအကျဉ်းသား ၂၀၀၀ ကျော်လည်း ချွင်းချက်မရှိပဲ အမြန်ဆုံးပြန်လွှတ်ပေးဖို့ကိုလည်း တောင်းဆိုလိုက်ပါတယ်။ နအဖရဲ့ကိုယ်စားလှယ်ဦးသန်းဆွေက ကော်မတီရဲ့ပြစ်တင်တဲ့ဆုံးဖြတ်ချက်ကိုလက်မခံပဲ ပယ်ချက်ခဲ့ပါတယ်။။ ကုလသမဂ္ဂရဲ့အခုဆုံးဖြတ်ချက်က အဖွဲ့ဝင်နိုင်ငံတွေ မလိုက်နာမနေရတဲ့ဆုံးဖြတ်ချက်မဟုတ်ပါဘူး။ **(REUTERS, 20.11.2009)**

## ဒေါ်စုရဲ့ကမ်းလှမ်းချက်

နိုင်ငံရဲ့အကျိုးအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ တွေ့ဆုံပြီး ဆွေးနွေးမှုတွေပြုလုပ်ချင်ပါတယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စာရေးသားပေးပို့လိုက်တယ်လို့ သိရပါတယ်၊ အခုအချိန်ထိတော့ နအဖဘက်က တစုံတရာတုံ့ပြန်တာမျိုးတော့မရှိပါဘူး၊ အကဲခတ်တွေကတော့ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ တွေ့ဆုံဖို့ အလားအလာအင်မတန်မှနည်းတယ်လို့ ခန့်မှန်းကြပါတယ်။ ဒီမိုကရေစီအင်အားစုတွေနဲ့ အမေရိကန်ပြည်ထောင်စုတို့က ကောင်းမွန်တဲ့ကမ်းလှမ်းချက်ဆိုပြီး တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ဖို့ တိုက်တွန်းပြောဆိုနေပါတယ်။ **(AP, VOB, 17.11.2009)**

## ဂျပန်ကိုလည်း ကူညီပါ

ဂျပန်ဝန်ကြီးချုပ် ယုကီအို ဟာတိုးယားမ ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီး အန်တိုနီယို ဂူတားရပ်စ်နဲ့တိုကျိုမှာတွေ့ဆုံတုန်းက ထိုင်း–မြန်မာနယ်စပ်က ဒုက္ခသည် ၉၀ ကိုခေါ်မယ့်အစီအစဉ်အောင်မြင်မှုရဖို့ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြဖို့တောင်းဆိုလိုက်ပါတယ်၊ ကုလသမဂ္ဂဒုက္ခသည်မဟာမင်းကြီးရုံးဟာ ဂျပန်ရဲ့ဒုက္ခသည် ဆိုင်ရာစနစ်ပြောင်းလဲရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နေတယ်လို့သိရပါတယ်၊ ဒုက္ခသည်အဆင့်သတ်မှတ်တဲ့ကိစ္စ၊ ဒုက္ခသည်လျှောက်ထားတဲ့သူတွေကို ထိန်းသိမ်းတဲ့ကိစ္စနဲ့သူတို့ကို ထောက်ပံ့ကူညီမှုတွေပေးဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ **(Bernama, 20.11.2009)**

## ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုမြန်မာတွင်တိုးတက်

ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာ ဟိုတယ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ စတင်နေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းမကြီးပေါ်မှာရှိတဲ့ ဆီဒိုနာဟိုတယ်အနီးမှာ ဟိုတယ်ကြီးတခုကို ဗီယက်နမ်တို့က ဆောက်လုပ်မှာဖြစ်ပါတယ်။ ဗီယက်နမ်လေကြောင်းလိုင်းလည်း မြန်မာနိုင်ငံကို ပျံသန်းမှုတွေ စတင်လုပ်ဆောင်ဖို့လည်းရှိပါတယ်၊ ဗီယက်နမ်နဲ့ နအဖတို့အကြား ကုန်သွယ်မှုဟာ ဒေါ်လာ ၂၃ သန်းကျော်ရှိပြီး ဗီယက်နမ်ဟာ မြန်မာနိုင်ငံရဲ့ ၁၆ နိုင်ငံမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ **(BERNAMA, 18.11.2009)**

## အဝမ္ဗလုပ်အားစေခိုင်းမှုတိုးတက်လာ

လွန်ခဲ့တဲ့ ၅ လအတွင်းမှာ အဓမ္မလုပ်အားစေခိုင်းတယ်ဆိုပြီး ကန့်ကွက်တိုင်ကြားမှုတွေဟာ ၂ ဆ လောက်များပြားလာခဲ့တယ်လို့သိရပါတယ်၊ ILO က ထုတ်ပြန်တဲ့စာရင်းအရ အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေးကိုလုပ်ဆောင်နေပေမဲ့လည်း အခုတိုင်ထိရောက်အောင်မြင်အောင်လုပ်ဆောင်နိုင်ခြင်းမရှိသေးဘူးလို့ဆိုပါတယ်။ ၂၀၀၉ မေလမှာ တိုင်ကြားမှု၁၅၂ မှုရှိခဲ့ရာမှ ၂၀၀၉ အောက်တိုဘာလမှာ ၂၂၃ မှုအထိ တိုးတက်လာခဲ့ပါတယ်။ **(DVB, 18.11.2009)**

# ဂလိုဘဲလ်ဖဲန်းအဖွဲ့ကြီးမြန်မာနိုင်ငံကိုအကူအညီတွေပြန်ပေးဖို့ဆုံးဖြတ်

**VOA၊ နိုဝင်ဘာ ၁၆ ။** ။ အေ့ဒ်စ် AIDS ရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီ အဆုတ်နာရောဂါ၊ ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် Global Fund အဖွဲ့ကြီးဟာ မြန် မာနိုင်ငံကို အကူအညီတွေပြန်ပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဒါပေမယ့် အကူအညီတွေထိရောက်ဖို့ လက်တွေ့အသေးစိတ်ဆောင်ရွက်စရာတွေအတွက်တော့ အာဏာပိုင်တွေနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်စရာတွေ ရှိဦးမယ်လို့ Global Fund အဖွဲ့တာဝန်ရှိသူတဦးက VOA ကိုပြောပြပါတယ်။ လက်ရှိအားဖြင့်တော့ မြန်မာနိုင်ငံတွင်း ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် Global Fund ဟာ ဒေါ်လာသန်း ၁၁၀ ထောက်ပံ့ကူညီသွားဖို့ရှိပါတယ်။

ရေရှည်အတွက်တော့ ဒေါ်လာသန်း ၄၀၀ ကျော်အထိ အတည်ပြုလျာထားတယ်လို့ Global Fund အဖွဲ့ကြီးရဲ့ အကြီးတန်းပြန်ကြားရေးအရာရှိ Nalin Mehta ကပြောပါတယ်။ ၂၀၀၅ ခုနှစ်ကနေ လုပ်ငန်းတွေ အထောက်အပံ့တွေ ရပ်ဆိုင်းခဲ့တဲ့ Global Fund အဖွဲ့ကြီးအနေနဲ့ မြန်မာနိုင်ငံတွင်း အခြေအနေတွေကို ရော လိုအပ်ချက်တွေပါ ထည့်သွင်းစဉ်းစားသုံးသပ်ပြီး အခုလို အကူအညီတွေပြန်ပေးဖို့ ဆုံးဖြတ်ရတာဖြစ်တယ်လို့ သူကပြောပါတယ်။

"အစိုးရပိုင်းက တာဝန်ရှိသူတွေရယ်၊ လူထုအခြေပြုအဖွဲ့အစည်းက ကိုယ်စားလှယ်တွေရယ်၊ ကုလသမဂ္ဂအေဂျင်စီက တာဝန်ရှိသူတွေပါဝင်တဲ့ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကနေ မြန်မာနိုင်ငံတွင်း ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် ကုန်ကျမယ့် ငွေကြေးရံပုံငွေကို ကျနော်တို့ Global Fund ကို တောင်းခံခဲ့ပါတယ်။ ဒီတောင်းခံချက်ပန်ကြားမှုကို လူထုကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတွေ၊ ဖွံ့ဖြိုးရေးဆိုင်ရာကျွမ်းကျင်သူတွေ ပါဝင်တဲ့ လွတ်လပ်တဲ့အဖွဲ့ကနေ အသေအချာစဉ်းစားသုံးသပ်ပါတယ်။ နိုင်ငံအလိုက် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ကနေ ရံပုံငွေတောင်းခံမှုတွေကို လွတ်လပ်တဲ့ကျွမ်းကျင်သူအဖွဲ့ကနေ သုံးသပ်စဉ်းစားတာ Global Fund ရဲ့ လုပ်ထုံးလုပ်နည်းတခုပါဘဲ။ အဲဒီအဖွဲ့ကနေ အကြံပေးချက်တွေအတိုင်း Global Fund အုပ်ချုပ်ရေးအဖွဲ့ကနေ မြန်မာနိုင်ငံကို အခုလိုပြန်ပြီး အကူအညီတွေပေးဖို့ ဆုံးဖြတ် လိုက်တာပါ။"

မြန်မာနိုင်ငံတွင်းသွားလာမှု အကန့်အသတ်တွေနဲ့ အခြားတင်းကျပ်မှုတွေကြောင့် Global Fund အဖွဲ့ကြီးအနေနဲ့ သူတို့လုပ်ငန်းတွေအပေါ် ပြန်မသုံးသပ်နိုင်တဲ့အခြေအနေဆိုက်ရောက်ပြီး ၂၀၀၅ ခုနှစ်မှာ မြန်မာနိုင်ငံတွင်း အကူအညီတွေကို ရပ်ဆိုင်းခဲ့ပါတယ်။ အခု အကူအညီတွေပြန်ပေးမယ်ဆိုတော့ ဒီလို အကန့်အသတ် တွေကို ကျော်လွှားနိုင်ပဲ့မလားစဉ်းစရာပါ။

ဒီအတွက် Global Fund အနေနဲ့ မြန်မာအာဏာပိုင်တွေနဲ့ ညှိနှိုင်းဆွေးနွေးရဦးမှာဖြစ်ပြီး အကူအညီတွေရောက် မရောက် သုံးသပ်ခွင့်ရဖို့၊ လိုအပ်သူတွေထံကိုထိထိရောက်ရောက် ပံ့ပိုးကူညီနိုင်ဖို့ Global Fund စံထားသတ်မှတ်ချက်တွေကိုတော့ အလျှော့ပေးနိုင်မှာမဟုတ်ဘူးလို့ Nalin Mehta ကပြောပါတယ်။

"အခုအခြေအနေက အကူအညီတွေပေးဖို့ ရံပုံငွေအတည်ပြုပေးလိုက်တဲ့အဆင့်ပါ။ အကူအညီတွေပေးဖို့ အပြန်အလှန်သဘောတူညီချက် မရသေးပါဘူး။ သဘောတူညီချက်လက်မှတ်ထိုးဖို့ ညှိနှိုင်းမှုတွေကိုတော့ Global Fund နဲ့ အာဏာပိုင်တွေအကြားမှာ နောက်အပတ်မှာစပြီး ဆွေးနွေးဆောင်ရွက်သွားဖို့ ရှိပါတယ်။ Global Fund မှာရှိတဲ့ တင်းကျပ်တဲ့မူဝါဒကတော့ ဒီရံပုံငွေတွေနဲ့ ရောဂါတိုက်ဖျက်ရေး လက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်းမှာ ထိရောက်မှုရှိဖို့ပါ။ ဒီအချက်ကိုတော့ ကျနော်တို့ဘယ်လိုမှအလျှော့ပေးမှာ မဟုတ်ပါဘူး။"

Global Fund ရံပုံငွေကြေးတွေသုံးစွဲဖို့ကို အဓိကထား အကောင်အထည်ဖော်မယ့်အဖွဲ့ဖြစ်တဲ့ Coordination Mechanism ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ထဲမှာတော့ မြန်မာအာဏာပိုင်တွေထဲက ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက အဆင့်မြင့်အရာရှိတွေပါဝင်သလို ရန်ကုန်အခြေစိုက် ကုလသမဂ္ဂအေဂျင်စီက တာဝန်ရှိသူတွေလည်းပါဝင်ပါတယ်။ ဒ့ါအပြင် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေပါဝင်သလို အစိုးရအဖွဲ့တပိုင်းဖြစ်နေတဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွေက တာဝန်ရှိသူတွေလည်းပါဝင်ပါတယ်။

ဒါပေမယ့် ရံပုံငွေသုံးစွဲမှုတွေကိုတော့ Global Fund ကဘဲ စောင့်ကြပ်ကြည့်ရှုသွားမှာဖြစ်တာကြောင့် ဒီလိုလုပ်နိုင်ဖို့ လုပ်ငန်းတွေအကောင်အထည်ဖော်နေတဲ့ ဒေသတွေအထိ သွားရောက်စစ်ဆေးခွင့် သတင်းအချက်အလက်ရယူခွင့်တွေရဖို့ Global Fund ဘက်က လိုလားနေပါတယ်။ ဒါမှလည်း သူတို့အနေနဲ့ တကယ့်ရံပုံငွေလိုအပ်ချက်အတိုင်းအတာကို အကဲဖြတ်နိုင်မယ်လို့ Mr. Nalin Mehta ကပြောပါတယ်။

၂၀၀၅ ခုနှစ် Global Fund အဖွဲ့ကြီး လုပ်ငန်းတွေရပ်ဆိုင်းလိုက်စဉ်တုန်းကတော့ ထောက်ခံသူတွေရှိသလို အချို့ကတော့ ဒါဟာ နိုင်ငံရေးပယောဂပါတယ်ဆိုပြီး ဝေဖန်သူတွေ မကြိုက်သူတွေလည်းရှိပါတယ်။ Global Fund ထွက်သွားတဲ့နောက် ဥရောပနိုင်ငံအချို့ကကြီးမှူးပြီး ရောဂါသုံးမျိုးတိုက်ဖျက်ရေးအတွက် 3D Fund ဆိုပြီး ရံပုံငွေအဖွဲ့မတည်ခဲ့ပါတယ်။

လူထုကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ မြန်မာနိုင်ငံမှာ တီဘီ၊ အေ့ဒ်စ်၊ ငှက်ဖျား ဒီရောဂါသုံးမျိုးလုံးဟာ ကျယ်ကျယ်ပြန့်ပြန့် မထိန်းနိုင် မသိမ်းနိုင်ပျံ့နှံ့နေတာမို့ ဒီရောဂါတွေ တိုက်ဖျက်ရေးလုပ်ငန်းတွေအတွက် အခုလို နိုင်ငံတကာအကူအညီတွေကို ပိုလို့မျှော်လင့်နေကြပါတယ်။

---

**ပြက္ခဒိန်မှ**

**နိုဝင်ဘာ ၂၀၊ Bloomberg။** ။ ဒေါ်အောင်ဆန်းစုကြည်၏ ဗိုလ်ချုပ်သန်းရွှေသို့ဆွေးနွေးရန်ဖိတ်ခေါ်မှု နိုင်ငံရေးဆွေးနွေးမှုဖြစ်လာရန်မျှော်မှန်းကြောင်း အမေရိကန်မှဆို၏။

**နိုဝင်ဘာ ၂၀၊ XNA ။** ။ မြန်မာသည် မူဆယ်နှင့်တရုတ်ပြည်မှ LJie Guo တို့အားဆက်သွယ်ရန် ရထားလမ်းတိုးချဲ့ဆောက်လုပ်မည်ဟု မြန်မာမီးရထားမှဆို၏။

**နိုဝင်ဘာ ၂၁၊ Sydney Morning Herald။** ။ နာဂစ်မုန်တိုင်းတွင် မိမိမြန်မာပြည်သူများအသက်ကိုပင် အလေးမထားသလို ပြင်ပ ပရောဂကိုရှောင်ခဲ့သော နအဖ၏ ချေလှမ်းများကို ကြည့်ခြင်းအားဖြင့် လက်ရှိအမေရိကန်၏ မြန်မာအရေးကြိုးပမ်းမှုများသည် အချည်းနှည်းဖြစ်ဖွယ်အရိပ်အရောင်ပြနေကြောင်း။

**နိုဝင်ဘာ ၂၁၊ AsiaTribune ။** ။ အမေရိကန်၏ မြန်မာမူသစ်သည် အာဆီယံနှင့်ဆွေးနွေးပူးပေါင်းလုပ်ကိုင်နိုင်ရန် ပိုမိုဦးတည်ကြောင်း ကမ္ဘောဇဝင်းမှသုံးသပ်၏။

---

## ဒေါ်စု ဒုတိယပေးစာ ပေါက်ကြားမှုဖော်ထုတ်မည်

**RFA၊ နိုဝင်ဘာ ၁၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံရေးသားပေးပို့တဲ့ ဒုတိယမြောက်ပေးစာပေါက်ကြားမှုနဲ့ပတ်သက်ပြီး စုံစမ်းဖော်ထုတ်သွားဖို့ NLD ခေါင်းဆောင်တွေ ဒီနေ့ဆွေးနွေးသဘောတူခဲ့ကြတယ်လို့ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေကပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့စာဟာ ၁၆ ရက်နေ့မှာ CEC ကနေပြီးတော့ အတည်ပြုပြီးမှထုတ်ဖို့ကိစ္စကို ၁၃ ရက်နေ့မှာ သတင်းဌာနတွေမှာ ပေါက်ကြားနေတာကိုကြားသိရတဲ့အတွက်ကြောင့် ကျနော်တို့က အဲဒီသတင်းပေါက်ကြားတဲ့စာရွက်တွေနဲ့ မူရင်းစာရွက်ကိုတိုက်ဆိုင်ပြီးတော့ အားလုံးဟာ ဇါသည်မလွဲတူညီနေတာတွေ့ရတဲ့အတွက်ကြောင့် ဒါဟာ နိုင်ငံရေးအရဆောင်ရွက်သင့်တယ်၊ အဖွဲ့ချုပ်အနေနဲ့စိစစ်လေ့လာသွားမယ်ဆိုပြီး သဘောတူဆုံးဖြတ်ခဲ့ကြပါတယ်။"

NLD အဖွဲ့ချုပ်ရုံးမှာဒီကနေ့ကျင်းပတဲ့ အစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးခင်မောင်ဆွေတို့နဲ့ ဗဟိုအလုပ်အမှုဆောင်အထောက်အကူပြုအဖွဲ့ဝင် ၁၄ ဦး တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။ နေအိမ်အကျယ်ချုပ်နဲ့ထိန်းသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်က ပိတ်ဆို့ပြစ်ဒဏ်ခတ်မှုရုပ်သိမ်းရေးနဲ့ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်လိုကြောင်း ရေးသားထားတဲ့စာတစောင်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အောက်တိုဘာလနှောင်းပိုင်းက ပေးပို့ခဲ့ပါတယ်။

ဒီနောက် ဒုတိယမြောက်စာကို နိုဝင်ဘာလ ၁၁ ရက်နေ့ နေ့စွဲနဲ့ရေးသားပေးပို့ခဲ့တာပါ။ ဒီစာကို နိုဝင်ဘာလ ၁၄ ရက်နေ့မှာ နိုင်ငံခြားသတင်းဌာနတချို့က မိတ္တူရပြီး ဖော်ပြခဲ့ကြပါတယ်။

# ရွှေဝါရောင်မှတ်တမ်းတင်ရုပ်ရှင် အကယ်ဒမီဆု အတွက် ပဏာမရွေးချယ်ခံရ

**Mizzima | နိုဝင်ဘာ ၁၉ ။ ။** သံဃာတော်များဦးဆောင်တဲ့ ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲများကို စစ်အစိုးရက ရက်စက်စွာနှိမ်နင်းခဲ့ပုံအကြောင်း ရိုက်ကူးထားတဲ့ မှတ်တမ်းတင်ရုပ်ရှင်ကားမှာ လာမယ့် အကယ်ဒမီဆုအတွက် ပဏာမရွေးချယ်ခံရပြီး အမည်စာရင်းတင်သွင်းထားခြင်း ခံရပြီဖြစ်ပါတယ်။

မြန်မာပြည်သူများ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဒီမိုကရေစီရေးအတွက် သတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့ပုံအကြောင်း မှတ်တမ်းတင်ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားကို ၂၀၀၉ ခုနှစ်အတွင်း ပြသခဲ့ပြီး ၂၀၁၀ အကယ်ဒမီဆုအတွက် ပဏာပရွေးချယ်ထားခြင်းဖြစ်ကြောင်း အမေရိကန်ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီအဖွဲ့ကြီးရဲ့ အပြောအရသိရပါတယ်။

ဒါရိုက်တာ Danish Anders Ostergaard ရိုက်ကူးတဲ့ Burma VJ ရုပ်ရှင်ကားကို မှတ်တမ်းတင်ဇာတ်လမ်းရုပ်ရှင် Documentary Feature အမျိုးအစားအတွက် ပဏာမရွေးချယ်သော ဇာတ်ကား ၁၅ ကားထဲတွင် ထည့်သွင်းရွေးချယ်ထားတယ်လို့ Beverly Hills ရှိ အကယ်ဒမီအဖွဲ့ကြီးက ဗုဒ္ဓဟူးနေ့ကထုတ်ပြန်ကြေညာလိုက်ပါတယ်။ အဆိုပါ ပဏာမ ၁၅ ကားကို ၈၂ ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲအတွက် ဆက်လက်၍မဲပေးရွေးချယ်သွားမှာဖြစ်ပါတယ်။

Burma VJ မှတ်တမ်းတင်ဇာတ်လမ်းရုပ်ရှင်ကားသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာဆန္ဒပြပွဲများအတွင်း သတင်းသမားများနဲ့ အတိုက်အခံတို့ စစ်အစိုးရရဲ့အုပ်ချုပ်မှုအောက်မှာ စွန့်စားလှုပ်ရှားခဲ့ပုံအကြောင်း အသားပေးဖော်ပြရိုက်ကူးထားခြင်းဖြစ်ပါတယ်။ ဤဆန္ဒပြပွဲကို နောင်တွင် “ရွှေဝါရောင် တော်လှန်ရေး”ဟု ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဤမှတ်တမ်းတင်ရုပ်ရှင်ကားသည် ယခုအထိ 'World Cinema Documentary Film Editing Award', 'Golden Gate Persistence of Vision Award' အပါအဝင် နိုင်ငံတကာရုပ်ရှင်ဆုပေါင်း ၃၃ ခုရရှိထားပြီး EFA Documentaire 2009 - Prix Arte အတွက်လည်း အမည်စာရင်းတင်သွင်းထား ခြင်း ခံရပြီးဖြစ်ပါတယ်။

Buram VJ မှတ်တမ်းတင်ကားအတွက် ၈၀ ရာခိုင်နှုန်းမျှသော ဗီဒီယိုကလစ်များကို ပေးပို့ခဲ့တဲ့ ဒီမိုကရက်တစ်မြန်မာ့အသံ DVB ထိုင်းဗျူရိုရုံးအကြီးအကဲ ဦးတိုးဇော်လတ်က အခုလိုအကယ်ဒမီဆုအတွက် ပဏာမရွေးချယ်ခံရခြင်းအတွက် သူ့အနေနဲ့ဂုဏ်ယူမိကြောင်း ပြောပါတယ်။

“အခုတော့ မြန်မာပြည်သူတွေခံစားနေရတဲ့ ဆင်းရဲဒုက္ခတွေဟာ နိုင်ငံတကာမီဒီယာတွေတင်သာမက ရုပ်ရှင်တွေထဲမှာလည်း အသားပေးဖော်ပြတာခံနေရပါပြီ။ ဒါဟာ မြန်မာနိုင်ငံတွင်း သတင်းအမှောင်ချမှုရှိနေကြောင်း နိုင်ငံတကာအဆင့်မှာပါ သိရှိအောင်လုပ်ရေးအတွက် ကျနော်တို့ရဲ့သံန္နိဋ္ဌာန်ကို အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်တာဘဲ ဖြစ်ပါတယ်။”လို့ ဦးတိုးဇော်လတ်ကပြောပါတယ်။

ဤရုပ်ရှင်ကားသည် အော်စလိုအခြေစိုက် DVB ၏ ၂၇ နှစ်အရွယ်ရှိ လျှို့ဝှက်သတင်းထောက် Joshua အကြောင်း အခြေခံရိုက်ကူးထားခြင်းဖြစ်ပါတယ်။ သူသည် မြန်မာနိုင်ငံမြို့တော်ဟောင်း ရန်ကုန်ရှိလမ်းများပေါ်တွင် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာအုံကြွမှုအတွင်း ဗီဒီယိုကင်မရာအငယ်စားလေးများဖြင့် ရိုက်ကူးမှတ်တမ်းတင်ခဲ့ပါတယ်။

သူက မည်သို့မည်ပုံမှတ်တမ်းတင်ရုပ်ရှင်ကို ရိုက်ကူးခဲ့ကြောင်းနှင့် ဤမှတ်တမ်းတင် ဗီဒီယိုရုပ်ရှင်များကို နိုင်ငံတကာမီဒီယာများဖြစ်သော CNN, BBC, Aljazeera တို့မှတဆင့် ဂြိုဟ်တုမှတဆင့် မြန်မာနိုင်ငံသို့ပြန်လည်လွှင့်ထုတ်ပေးခဲ့ပုံ အကြောင်းများကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပါတယ်။

“ညှဉ်းပမ်းနှိပ်စက်ခံရမယ့်အန္တရာယ်နဲ့ ထောင်သွင်းအကျဉ်းချခံရမယ့် အန္တရာယ်တွေရှိနေပေမယ့် မြန်မာနိုင်ငံက သတ္တိပြောင်မြောက်ပြီး ငယ်ရွယ်တဲ့ သတင်းထောက်တွေဟာ တံခါးပိတ်ထားတဲ့သူတို့နိုင်ငံက သတင်းတွေကို ပြည်ပကိုပေးပို့နိုင်အောင် စာနယ်ဇင်းလုပ်ငန်းရဲ့ အနှစ်သာရအတိုင်း နေထိုင်လုပ်ကိုင်ခဲ့ကြပါတယ်။”လို့ Buram VJ ဝက်ဆိုဒ်တွင် ဖော်ပြထားပါတယ်။

ဗီဒီယိုသတင်းထောက်အများအပြားသည် ဆန္ဒပြပွဲအတွင်း လမ်းမများပေါ်တွင် ရိုက်ကူးမှတ်တမ်းတင်နေစဉ် မြန်မာနိုင်ငံလုံခြုံရေးအဖွဲ့များရဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရတယ်လို့ ဦးတိုးဇော်လတ်ကပြောပါတယ်။ ဤရုပ်ရှင်ကားအမျိုးအစားအတွက် ကားပေါင်း ၈၉ ကားထဲမှ ပမာဏရွေးချယ်ခံခဲ့ရသော ၁၅ ကားမှာ "The Beaches of Agnes", "Burma VJ", "The Cove", "Every Little Step", "Facing Ali","Food,Inc","Garbage Dreams","Living in Emergency: Stories of Dotors Without Boders","The Most Dangerous Man in America: Daniel Ellsberg and the Pentagon Papers", "Mugabe and the White African","Sergio","Soundtrack for a Revolution","Under Our Skin","Valentino The Last Emperor", and "Which Way Home" တို့ဖြစ်ပါတယ်။

ပဏာမရွေးချယ်ခံထားရသော ၁၅ ကားထဲမှ ၂၀၀၉ ခုနှစ်၊ ထူးချွန်ရုပ်ရှင်အောင်မြင်မှု အကယ်ဒမီဆုအတွက် နောက်ဆုံးဆန်ခါတင် ၅ ကားကို မှတ်တမ်းတင်ရုပ်ရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဆက်လက်ရွေးချယ်မှာဖြစ်ပါတယ်။ ၈၂ ကြိမ်မြောက် အကယ်ဒမီဆုအတွက် ဤသို့ဆန်ခါတင်ရွေးချယ်ခံရသော စာရင်းကို ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကြေညာမှာဖြစ်ပါတယ်။ ဆုပေးပွဲကိုမူ မတ်လ ၇ ရက်နေ့တွင် လော့စ်အိန်ဂျလိစ်မြို့ Hollywood & Highland Center ရှိ ကိုဒတ်ဇာတ်ရုံ Kodak Theatre ကြီးတွင် ကျင်းပပေးအပ်မှာဖြစ်ပါတယ်။

---

# အားကစားဂျာနယ်များ စိစစ်ရေးတင်ရန်မလိုဟုဆို

**DVB | နိုဝင်ဘာ ၁၅ ။ ။** အားကစားဂျာနယ်တွေ စာပေစိစစ်ရေးကို တင်ပြဖို့မလိုတော့ဘဲ ထုတ်ဝေခွင့်ရရှိတော့မယ်လို့ ရန်ကုန်စာနယ်ဇင်းလောကထဲမှာ သတင်း တွေထွက်ပေါ်နေပါတယ်။

စာပေစိစစ်ရေးကနေ တရားဝင်စာထွက်ပြီး ကြေညာတာမျိုး မရှိသေးပေမယ့် ဒီနှစ်ကုန်ကနေစပြီး အားကစားဂျာနယ်တွေ စိစစ်ရေးတင်ဖို့ မလိုတော့ဘဲ ထုတ်ဝေခွင့်ရရှိတော့မယ်လို့ စာပေစိစစ်ရေးဝန်ထမ်း အသိုက်အဝန်းမှာပြောဆိုနေကြပါတယ်။ ဒီအကြောင်းကို ရန်ကုန်က သတင်းဂျာနယ် အယ်ဒီတာတဦးက အခုလို ပြောပြပါတယ်။

“အားကစားဂျာနယ်တွေကို ၂၀၀၉ ခုနှစ် ကုန်တာနဲ့ စိစစ်ရေးနဲ့ မဆိုင်တော့ဘူး။ ကိုယ့်ဟာနဲ့ကိုယ် လုပ်လို့ရသွားပြီ။ ဒါပေမယ့် ဒီအကြောင်းကိုစာကြို ထုတ်ပြီးတော့ ပြောတာမဟုတ်ဘူး။ သတင်းဂျာနယ်က ဆက်ကိုင်ထားမယ်လို့ အသံထွက်နေတယ်။ တခုရှိတယ် သူတို့ ဘယ်လောက်အထိ အခွင့်အလမ်းပေးမလဲဆိုတာတခုပဲ။”

ဒီလို စိစစ်ရေးကို တင်စရာမလိုဘဲ ထုတ်ဝေခွင့်ရရှိတော့မယ်ဆိုပေမယ့် ပြည်တွင်း အားကစားပွဲတွေမှာ ခိုက်ရန်ဖြစ်ပွားတဲ့သတင်းမျိုးတွေကို ဖော်ပြလာမယ်ဆိုရင်တော့ ပုံနှိပ်ဥပဒေအရ အရေးယူခံရမှာမျိုးတွေရှိတယ်လို့ ဒိုပြင်အယ်ဒီတာတဦးကပြောပါတယ်။ အားကစားဂျာနယ်တွေနဲ့ စာပေစိစစ်ရေးရဲ့လက်ရှိ အခြေအနေကိုလည်း အဲဒီ အယ်ဒီတာက အခုလိုပြောပါတယ်။

“လောင်းကြေးတွေ၊ ဘော်လုံးလောင်းကစားနည်းတွေ မထည့်ရဘူး။ ထည့်ရင် အရေးယူမယ်ဆိုတာမျိုးလောက်ပဲ ရှိတယ်။ အရင်ကတည်းက အားကစားဂျာနယ်က တင်းတင်းကျပ်ကျပ်သိပ်မရှိဘူး။ ဖြစ်ရင် ကိုယ့်ဟာကိုယ်တာဝန်ယူရမယ်။ အဆင်ပြေတဲ့ လူဆိုရင် ဒီလိုပဲပြီးသွားပြီး အဆင်မပြေတဲ့ လူဆိုရင်လည်း အချိန်ယူရင် ယူရမယ်။ သူတို့ လုပ်နေကြအတိုင်းဘဲ။”

အားကစားဂျာနယ် အယ်ဒီတာ အချို့ကတော့ စာပေစိစစ်ရေးကိုတင်စရာမလိုဘဲ ထုတ်ဝေခွင့်ရရှိတော့မယ်ဆိုရင်တော့ ပိုပြီး အဆင်ပြေလာစေနိုင်တယ်လို့သုံးသပ်ကြပါတယ်။ မြန်မာပြည်မှာ ပုံနှိပ်ထုတ်ဝေခွင့်ပြုထားတဲ့ဂျာနယ် ၂၀၀ ကျော်ရှိတဲ့ထဲမှာ အားကစားဂျာနယ်တွေက ထက်ဝက်ကျော်ပါနေပြီး စောင်ရေအများဆုံး ပုံနှိပ်ထုတ်ဝေနေရတဲ့ ဂျာနယ်တွေလည်းဖြစ်ပါတယ်။

# ဂျပန် အလုပ်သွားလုပ်မည့်သူများ ရန်ကုန်မှာ ငွေအလိမ်ခံရနေကြရ

**DVB၊ နိုဝင်ဘာ ၁၈။** ။ ဂျပန်နိုင်ငံမှာ အလုပ်သွားလုပ်ဖို့ စရံငွေသွင်းထားရသလို၊ သင်တန်းကြေးတွေယူပြီး သင်တန်းတွေ တက်ခိုင်းထားပေမယ့် တနှစ်ကျော်ကြာတဲ့အထိ ဘာမှမထူးခြားလို့ အဲဒီကုမ္ပဏီကို တိုင်းတန်းထားတယ်လို့ ကာယကံရှင်တွေက ပြောပါတယ်။

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက် မြန်မာနိုင်ငံကို အကူအညီပေးတဲ့အနေနဲ့ ဂျပန်နိုင်ငံက မြန်မာအလုပ်သမားတွေခေါ်မယ်ဆိုတဲ့ ကြေညာချက်ကို ပြည်တွင်း ဂျာနယ်တွေက တဆင့် သိခဲ့ရတယ်လို့ အလုပ်လျှောက်သူတွေက ပြောပါတယ်။ အဲဒီနောက် အဆက်သွယ်တွေကတဆင့် Central Hotel မှာ ဖွင့်ထားတဲ့ ကိုအေခိရှောဂျိ KOEKI SHOJI ကုမ္ပဏီက ဒါရိုက်တာ မစ္စတာကိနိုရှိတာနဲ့ သွားရောက်တွေ့ဆုံပြီး အလုပ်ကိစ္စ စကားပြောခဲ့ကြတယ်လို့ ပြောပါတယ်။ ဂျပန်မှာ အလုပ်ရဖို့ စစချင်း တဦးကို ငွေ ၅ သိန်းပေးသွင်းရမှာဖြစ်ပြီး အားလုံး သိန်း ၁၂၀ ပေးရမယ်လို့ ဆိုပါတယ်။ ဒါနဲ့ပတ်သက်လို့ အလုပ်သမား ၁၀၀ ကျော်အတွက် ကူညီအလုပ်လျှောက်ပေးခဲ့တဲ့ ဂျပန်ဘာသာတတ်ကျွမ်းသူ အငြိမ်းစားကျောင်းဆရာမ ဒေါ်မိုးမိုးငြိမ်း က ပြောပါတယ်။

“မြန်မာပိုက်ဆံငွေနဲ့ သိန်း ၁၂၀ ကျမယ်။ ပထမအရစ် စသွင်းဖို့ ကျမတို့အဖွဲ့ကို ၅ သိန်းထားပေးမယ်။ ဒုတိယအရစ်ကတော့ ဟိုဘက်ကနေ ဝပ်ပါမစ်နဲ့ ဗီဇာက ကျလာမယ်။ လူဝင်မှု ကြီးကြပ်ရေးကနေ အလုပ်လုပ်ဆိုပြီးတော့မှ စီအိုအီး ကျလာပြီဆိုရင် နောက်ထပ် ၂၅ သိန်းပေးရမယ်။ တတိယအရစ်က ဂျပန်နိုင်ငံကို မထွက်ခွာမီ သိန်း ၅၀ ပေးရမယ်။ “

စတုတ္ထအရစ်က ဂျပန်နိုင်ငံမှာ အလုပ်လုပ်ပြီး တော့မှ ကျန်တဲ့ငွေ သိန်း ၅၀ ကို လပေါင်း ၁၅ လခန့် ခွဲပြီးတော့ ဆပ်ရမယ်လို့ ပြောပါတယ်။ ပိုက်ဆံ ကျပ် ၅ သိန်း စပေးတဲ့ အချိန်ကနေ ၄ လကနေ ၆ လအတွင်း ဂျပန်နိုင်ငံကို အလုပ်သမားတွေ ပေးပို့သွားမယ်လို့ ကတိပေးသွားတယ်။ သူတို့ပြောတာ အခြေခံလစာ ဂျပန်ငွေ ၁ သိန်းနဲ့ ၈ သောင်း၊ မြန်မာငွေ သိန်း ၂၀ ကျော်ရမှာတွေရယ်၊ အိုဗာတိုင်တွေ ပါမယ်ဆိုရင်တော့ သိန်းအစိတ်လောက် ရမယ်လို့ပြောတယ်။”

၂၀၀၈ ၈ လပိုင်းမှာ ငွေပေးသွင်းခဲ့ပြီး ၁၂ လပိုင်းမှာ မစ္စတာ ကိနိုရှိတာ ကွယ်လွန်သွားလို့ သူ့နေရာကို မစ္စတာအိုက်ကီဝါ အစားထိုးရောက်လာတယ်လို့ ဒေါ်မိုးမိုးငြိမ်က ပြောပါတယ်။ အဲဒီနောက် ဂျပန်ကို အမြန်ဆုံးသွားချင်ရင် သူတို့ပေးတဲ့ သင်တန်းကို တလ တသိန်းပေးတက်ရမှာဖြစ်ပြီး ငွေ ၁၂ သိန်းပေးရင် ဗီဇာအမြန်ဆုံးရအောင်လုပ်ပေးမယ်လို့ ပြောဆိုခဲ့ပါတယ်။ ငွေ ၁၂ သိန်း ထပ်ပေးခဲ့ပေမယ့် အခုအထိမသွားရသေးလို့ ပိုက်ဆံပြန်တောင်းနေတယ်လို့အလုပ်လျှောက်ထားသူ ကိုအောင်ကျော်ဖြိုးက ပြောပါတယ်။

“မသွားဘဲနဲ့ ပိုက်ဆံပြန်တောင်းနေတယ်။ ပထမ ၃ လ ကြာမယ်ဆိုပြီး ငွေသွင်းခိုင်းတာ ကျနော်တို့ငွေသွင်းတယ်။ ငွေသွင်းပြီး ပထမလုပ်ပေးတဲ့ လူကြီးက ဆုံးသွားတယ်။ သူတို့ရုံးက တာဝန်ခံကိုယ်စားလှယ်တယောက် ရောက်လာတယ်။ တာဝန်ခံက သူတို့ဆီမှာ သင်တန်းတက်ရင် မေးပေးမယ်ဆိုပြီး သင်တန်းကို ၁ လကို ၁ သိန်းနဲ့တက်ခိုင်းတယ်။ ကျနော်တို့ ၃ လ နဲ့ တက်လိုက်တယ်။ ပြီးတော့ ၂၀၀၉ ဇန်နဝါရီမှာ ပိုက်ဆံထပ်ပေးမယ်ဆိုရင် ၁ လအတွင်းမှာ ဗီဇာတွေလုပ်ပေးမယ်ဆိုပြီး ပိုက်ဆံ ၂ သိန်းသွင်းခိုင်းတယ်။ ဒါပေမယ့် ၂၀၀၉ ဇန်နဝါရီ ၂၁ ဆို ၁ နှစ်နီးပါးရှိပြီ။ လုပ်ပေးတဲ့လူက အခုအထိ ဘာမှ တာဝန်ယူလုပ်ပေးခြင်းမရှိဘူး။”

ဒီအယောက် ၁ ရာကျော်ထဲမှာ ငွေကြေးအခက်ခဲကြောင့် မသွားချင်တော့တဲ့လူတွေရှိသလို သွားဖို့ ဆက်ကြိုးစားချင်တဲ့သူတွေလည်းရှိတယ်လို့လည်း ဒေါ်မိုးမိုးငြိမ်းက ပြောပါတယ်။ ဒါပေမယ့် ငွေ ၅ သိန်းသွင်းပြီးတာနဲ့ ၄ လကနေ ၆ လအတွင်း ဂျပန်ထွက်လို့ရအောင် လုပ်ပေးမယ်လို့ပြောပြီး တနှစ်ကျော်လာလို့ အားလုံးက အလိမ်ခံရတယ်လို့ ယူဆပြီး သွင်းထားတဲ့ငွေ ပြန်တောင်းနေကြတာပါ။ ငွေမရဘဲ ဖြတ်ပိုင်းဘောက်ချာတွေသာ ပြန်ပေးလို့ ပန်းဘဲတန်းမြို့နယ် ရဲစခန်းနဲ့နေပြည်တော်ကို တိုင်ပြီး စုံစမ်းစစ်ဆေးနေဆဲလို့ ဒေါ်မိုးမိုးငြိမ်းက ပြောပါတယ်။

“ကျမတို့က အဲ့ဒီမှာ ကလေးတွေ အပ်မယ် ပြောတဲ့အခါ သူတို့မှာ လူပို့တဲ့လက်မှတ်ရှိတယ်လို့ ပြောတာ။ အလုပ်သမားရေးရာ စစ်တော့မှ သူတို့မှာ မရှိဘူးလို့ပြောတာ။ အလုပ်သမားဝန်ကြီးဌာနက ဘယ်လိုဆုံးဖြတ်လဲတော့ မသိဘူး။ ကလေးတွေရဲ့ မိသားစုတွေက သွေးချွေးတွေ စုထားတဲ့ ပိုက်ဆံဖြစ်လို့ သူတို့စားရင် ငရဲကြီးပါတယ်၊ အမြန်ဆုံးပြန်ပေးပါပေ့ါ။”

ဒါနဲ့ပတ်သက်လို့ ကိုအေခိရှောဂျိကုမ္ပဏီက မြန်မာနိုင်ငံတာဝန်ခံမစ္စတာ အိုင်အီကာဝ ကို ဆက်သွယ်မေးမြန်းရာမှာ အလုပ်သမား ၁ ရာကျော်နဲ့ပတ်သက်လို့ ဒေါ်မိုးမိုးငြိမ်းတို့ဘက်က တိုင်တန်းတာကို သူသိရှိကြောင်းကလွဲလို့ ကျန်တာ ဖြေဆိုခြင်းမရှိပါဘူး။

# အဖွဲ့ချုပ်လွတ်မြောက်နယ်မြေ ခေါင်းဆောင်နဲ့ ဗဟိုကော်မတီ ပြောင်းလဲဖွဲ့စည်း

**RFA၊ နိုဝင်ဘာ ၁၈ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ NLD-LA ရဲ့ ခေါင်းဆောင်ဖြစ်သူနဲ့ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တချို့ကို အပြောင်းအလဲတွေလုပ်လိုက်သလို မြန်မာ့ဒီမိုကရေစီရေးအတွက် ရှေ့လုပ်ငန်းစဉ် အသစ်တွေချမှတ်လိုက်တယ်လို့ RFA ကစုံစမ်းသိရှိရပါတယ်။

နိုဝင်ဘာ ၁၅ ရက်နေ့ကစပြီး ထိုင်း–မြန်မာနယ်စပ်တနေရာမှာပြုလုပ်တဲ့ NLD-LA ဆဋ္ဌမအကြိမ်ညီလာခံမှာ အခုလိုတာဝန်ခန့်အပ်မှုအပြောင်းအလဲတွေ ပြုလုပ်ခဲ့တာဖြစ်ပြီး ပဉ္စမအကြိမ်ညီလာခံသက်တမ်း ၃ နှစ်တာကာလမှာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့တဲ့ ဦးတင်အောင်ရဲ့နေရာကို စစ်ကိုင်းတိုင်း၊ ယင်းမာပင်မဲဆန္ဒနယ်မြေရဲ့ အရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုသောင်းကို ခန့်အပ်တာဝန်ပေးလိုက်တယ်လို့ သိရပါတယ်။

NLD-LA ရဲ့ခေါင်းဆောင်နဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အပြောင်းအလဲတွေကို ဥက္ကဋ္ဌအသစ်ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုသောင်းက RFA ကိုအခုလိုပြောပါ တယ်။

“ကျနော်တို့ ဆဋ္ဌမအကြိမ်ညီလာခံကနေမှ ဒီမိုကရေစီနည်းအရ ကျနော်တို့ရွေးချယ်တင်မြှောက်လိုက်တဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ အရန်ဗဟိုကော်မတီဝင် အပါအဝင် အားလုံး ၁၇ ဦးမှာ ဥက္ကဋ္ဌအဖြစ် ကျနော်ဦးဘိုသောင်း၊ ဒုဥက္ကဋ္ဌအဖြစ် ဒေါက်တာအေးကျော် ဩစတြေးလျားဌာနခွဲကဖြစ်ပါတယ်။ အတွင်းရေးမှူးကတော့ ကျနော်တို့အရင်အတွင်းရေးမှူးဦးမြင့်စိုးဖြစ်ပြီးတော့ တွဲဘက်အတွင်းရေးမှူးကတော့ ဦးအောင်ဇော်ထွေး၊ တွဲဘက်အတွင်းရေးမှူး ၂ အနေနဲ့ ဦးမိုးဇော်ဦး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေအဖြစ် ဦးသောင်းတန်ချိုနဲ့ ဦးဝင်းလှိုင်တို့ဖြစ်တယ်။ ကျန်တာတွေကတော့ ဗဟိုကော်မတီဝင်တွေပေ့ါ။”

အခုညီလာခံကနေ ချမှတ်နိုင်ခဲ့တဲ့ရှေ့လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့လည်း အတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသူ ဦးမြင့်စိုးကအခုလိုပြောပြပါတယ်။

“ကျနော်တို့က မဟာဗျူဟာမြောက်လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်နိုင်ခဲ့တာရှိပါတယ်။ အဓိက ကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တိုက်ဖျက်ဖို့အတွက် ဆုံးဖြတ်ချက်ချထားပါတယ်။ အဲဒီတော့ ပြင်ဖို့အတွက်ကို ကျနော်တို့က တတ်နိုင်သလောက် နည်းလမ်းပေါင်းစုံနဲ့ကြိုးစားတယ်။ အဲဒီလိုကြိုးစားလို့မှမရဘူး တဘက်သတ်ဆောင်ရွက်မယ်ဆိုရင်တော့ အဲဒီ ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံတဲ့ ရွေးကောက်ပွဲနဲ့ အဲဒီကထွက်ပေါ်လာမယ့်ရလဒ်ကို ကျနော်တို့က အစဉ်တစိုက်ကို တိုက်ဖျက်သွားဖို့ ဒီဘက်မှာရှိနေတဲ့ မဟာမိတ်တပ်ပေါင်းစုတွေနဲ့အတူတကွ လက်တွဲတိုက်ဖျက်သွားဖို့ စဉ်းစားထားတာရှိပါတယ်။”

နိုင်ငံတကာမှာ NLD-LA ရဲ့ဌာနခွဲ ၈ ခုရှိတဲ့အနက် ကျင်းပပြီးစီးသွားတဲ့ ဆဋ္ဌမအကြိမ်ညီလာခံကို အမေရိကန်၊ ဩစတြေးလျား၊ နော်ဝေ၊ ယူကေ၊ တောင်ကိုရီးယားဌာ စတဲ့နခွဲတွေက ကိုယ်စားလှယ်တွေ စုံညီတက်ရောက်ကြကြောင်း သိရှိရပါတယ်။

# ဘဏ္ဍာရေးဝန်ကြီးဌာန တနှစ်လာဘ်စားငွေ ကျပ်ဘီလီယံ ၂၀၀ ကျော်ရှိ

**NEJ | နိုဝင်ဘာ ၁၉ ။** ။ ဘဏ္ဍာအခွန်ဝန်ကြီးဌာနလက်အောက် ပြည်တွင်းအခွန်ဦးစီးဌာနတခုတည်းရဲ့ တနှစ်လာဘ်စားမှုပမာဏမှာ ကျပ်ငွေဘီလီယံ ၂၀၀ ကျော်ရှိကြောင်း အမည်မဖော်လိုတဲ့မြို့နယ်အခွန်ဦးစီးအရာရှိဟောင်းတဦးက ထုတ်ဖော်ပြောဆိုပါတယ်။

"ကျနော်တို့ပြည်တွင်းအခွန်ဦးစီးဌာနအနေနဲ့ ပြည်သူတွေဆီကနေ တနှစ်လာဘ်ငွေ ဘယ်လောက်ယူတယ်ဆိုတာ တိတိကျကျတွက်ထားတာတော့မရှိပါဘူး။ ဒါပေမယ့် ကျနော့်သက်တမ်းတလျှောက် လာဘ်ငွေယူတဲ့ပုံစံ အမျိုးအစားအလိုက် တွက်ချက်ကြည့်တော့ တနှစ်ကိုကျပ်ငွေ ဘီလီယံ ၂၀၀ ကျော်လောက်ရှိမယ်။" လို့ပြောပါတယ်။

၎င်းတို့ဌာနအနေနဲ့ အခွန်ထမ်းပြည်သူများထံမှ လာဘ်ငွေရယူပုံ ၃ မျိုးရှိကြောင်း၊ တမျိုးက အခွန်ထမ်းမည့်ဝင်ငွေ၊ ဖွင့်လှစ်ထားသည့်ဆိုင်၊ အိမ် သို့မဟုတ် ကားအရောင်းအဝယ် စသည်တို့ကို ရုံးတွင်လုံးဝစာရင်းမပေါက်စေဘဲ ရာခိုင်နှုန်းပြည့် လာဘ်ငွေယူသည့်နည်း၊ အခွန်ထမ်းကိစ္စအတွက် လာဘ်ငွေကို ပမာဏများများနှင့်အဓိကထားရယူပြီး အစိုးရအခွန်ထဲသို့ ပမာဏနည်းနည်းခန့်သာ စာရင်းတင်သွင်းသည့်နည်း၊ အခွန်ကို အဓိကထားကောက်ခံသော်လည်း အခွန်နှုန်းထားသက်သာစေရန်နှင့် လုပ်ငန်းလွယ်ကူချောမွေ့စေရန် အခွန်ပမာဏ၏ ရာခိုင်နှုန်းအချို့ကို လာဘ်ငွေယူသည့်နည်း စသည်တို့ဖြစ်ကြောင်း ရှင်းပြပါတယ်။

အခုလို လာဘ်စားမှုပုံစံအမျိုးမျိုးကို တွက်ချက်ကြည့်လိုက်တဲ့အခါ အစိုးရဘဏ္ဍာထဲသို့ တရားဝင်အခွန်ငွေအဖြစ် ရောက်ရှိသွားတဲ့ပမာဏရဲ့ အနည်းဆုံးလေးပုံတပုံခန့်ရှိကြောင်း အဆိုပါအခွန်မှူးကရှင်းပြပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်၊ အမြတ်ခွန်၊ ကုန်သွယ်ရေးလုပ်ငန်းခွန်၊ ထီနှင့် တံဆိပ်ခေါင်းခွန် စသည့်အခွန် ၅ မျိုးမှ ဝင်ငွေရရှိနေခြင်းဖြစ်ပြီး အဆိုပါအခွန် ၅ မျိုးထဲတွင် ပြည်သူများထံမှတိုက်ရိုက်ကောက်ခံပြီး အဓိကလာဘ်စားသည့်အခွန် ၂ မျိုးမှာ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ကြောင်း၊ အဆိုပါ ၂ မျိုးပေါင်းမှ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်က အခွန်ကျပ်ဘီလီယံ ၈၀၀ ကျော်ရရှိခဲ့တဲ့အတွက် အခွန်မှူးများသည် ပြီးခဲ့တဲ့တနှစ်အတွင်း လာဘ်ငွေကျပ် ဘီလီယံ ၂၀၀ ကျော်ရရှိခဲ့ကြောင်း သုံးသပ်ပြပါတယ်။

လတ်တလော စားသောက်ဆိုင်လုပ်ငန်းတို့အပေါ် ကုန်သွယ်ခွန် ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံမှုနဲ့ပတ်သက်ပြီး လသာတရုတ်တန်းမှ စားသောက်ဆိုင်ပိုင်ရှင်တဦးက "ကျနော့်ကိုမြို့နယ်အခွန်ဦးစီးမှူးက ခေါ်တွေ့တယ်၊ သက်သက်ညှာညှာဆိုရင် တလ တရားဝင်အစိုးရကို အခွန် ၄ သိန်းဆောင်ရမယ်၊ သူ့ကို ၁ သိန်းပေးရမယ်။ အစိုးရကို ၂ သိန်းဘဲဆောင်ချင်ရင် သူ့ကို တလ ၂ သိန်းပေးရမယ် ကြိုက်ရာရွေးဆိုပြီး ပြောလာတယ်။ ကျနော်ကတော့ ရေရှည်အခွန်သက်သာအောင် အစိုးရကို တလ ၂ သိန်းသွင်းပြီး သူ့ကို တလ ၂ သိန်းလာဘ်ပေးတဲ့လမ်းကိုဘဲ ရွေးလိုက်ရတယ်။" လို့ ပြောပါတယ်။

ရန်ကုန်မှစီးပွားရေးပညာရှင်တဦးကမူ မြန်မာနိုင်ငံတွင် လာဘ်ငွေယူမှုသည် ပြည်တွင်းအခွန်ဌာနတခုတည်းမဟုတ်ဘဲ ကျန်ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းအားလုံးပါဝင်ကြောင်းပြောပါတယ်။

"ကုန်ကုန်ပြောရရင် သန့်ရှင်းဖို့သင့်တဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီးဌာနတောင် လာဘ်ပေးလာဘ်ယူမကင်းဘူး။ အစိုးရဝန်ထမ်းတွေလာဘ်ငွေယူတဲ့ပမာဏ ဘယ်လောက်များပြားမယ်မပြောနိုင်ပေမယ့် ဌာနဆိုင်ရာအသီးသီး၊ ဝန်ထမ်းအသီးသီး လာဘ်စားနေကြတာမို့ အလွန်များပြားတဲ့ပမာဏဖြစ်မှာဘဲ။" လို့ ပြောပါတယ်။ အခုကဲ့သို့လာဘ်ငွေများစွာရတဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ မြို့နယ်ဦးစီးဌာနမှူးနဲ့ အထက်အဆင့်အရာရှိအားလုံးကို စစ်ဗိုလ်များဖြင့် ပြောင်းလဲခန့်ထားပြီးဖြစ်ကြောင်း သိရပါတယ်။ ယခုလ ၁၇ ရက်တွင် ထုန်ပြန်ခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ Transparency International ရဲ့ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုအများဆုံးနိုင်ငံစာရင်းတွင် နံပါတ် ၃ နေရာတွင်ရှိနေပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ပေးစာကို ပြည်တွင်းမြေအောက်အဖွဲ့အစည်းများထောက်ခံ

**RFA | နိုဝင်ဘာ ၁၉ ။** ။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို နိုဝင်ဘာ ၁၁ ရက်နေ့က ပေးပို့လိုက်တဲ့စာအပေါ် ပြည်တွင်းအခြေစိုက် မြေအောက်အဖွဲ့အစည်းတွေက ထောက်ခံကြောင်းနဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့လည်း ဒီအပေါ်မှာ သဘောထားကြီးကြီးထားပြီး ဆွေးနွေးညှိနှိုင်းဖို့ တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့နဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့က ပူးတွဲကြေညာလိုက်တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အဖွဲ့ ၃ ဖွဲ့ရဲ့ကိုယ်စား ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ကိုထွန်းမြင့်အောင်က သူတို့အနေနဲ့ဘာကြောင့် ဒီလိုထုတ်ပြန်ကြေညာရတယ်ဆိုတာ RFA ကို အခုလိုပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ပို့လိုက်တဲ့ စာဟာ အပြုသဘောဆောင်တဲ့ချဉ်းကပ်မှုအဖြစ် ကျနော်တို့ကရှုမြင်တယ်။ ဒီစာဟာ အင်မတန်ကိုအရေးကြီးတဲ့စာအဖြစ် ကျနော်တို့မြင်တယ်။ ဘာကြောင့်လည်းဆိုတော့ စစ်အစိုးရအနေနဲ့လည်း အကျပ်အတည်းဆိုက်နေတာပါဘဲ။ ဒီလိုဘဲ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေမှာလည်း အကျပ်အတည်းပေါင်းစုံနဲ့ရင်ဆိုင်နေရတယ်။

အဲဒီတော့ တိုင်းပြည်တပြည်လုံးမှာ အခုလိုရင်ဆိုင်နေရတဲ့ အကျပ်အတည်းပေါင်းစုံကို ဒီနေ့ဒီမိုကရေစီအင်အားစုတွေနဲ့ နအဖစစ်အစိုးရတို့ပူးပေါင်းပြီးတော့ ဖြေရှင်းလိုက်မယ်ဆိုရင် အားလုံးအတွက် ထွက်ပေါက်တခုဖြစ်သွားပါလိမ့်မယ်။ မှန်ကန်တဲ့ ငြိမ်းချမ်းတဲ့ထွက်ပေါက်ဆိုတာဟာ အားလုံးပါဝင်ဖြေရှင်းတဲ့ ညှိနှိုင်းတဲ့စားပွဲဝိုင်း ဆွေးနွေးမှုကသာ ထွက်ပေါ်လာနိုင်တာဖြစ်တဲ့အတွက်ကြောင့် ဒါဟာ တပ်မတော်ရဲ့ဂုဏ်သိက္ခာကိုလည်း ပြန်ပြီးအဖတ်ဆယ်လို့ရနိုင်တဲ့ အနေအထားတခုရောက်သွားနိုင်ပါတယ်။ ဒီအတွက် ကျနော်တို့က ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဒေါ်စုရဲ့ကမ်းလှမ်းချက်ကို လက်ခံဖို့အလေးအနက်တိုက်တွန်းနေတာပါ။"

သူတို့ရဲ့ကြေညာချက်မှာ အချက် ၄ ချက်ရေးသားထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း အရင်ကကြေညာထားတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကို ကိုင်စွဲပြီး ပြည်သူတွေနဲ့အတူ ရပ်တည်လှုပ်ရှားသွားစေတယ်လို့ တိုက်တွန်းထားပါတယ်။ ဒီလို တိုက်တွန်းရတာနဲ့ပတ်သက်လို့လည်း ဗကသများအဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ကိုဇာနည်က အခုလိုပြောပါတယ်။

"ကျနော်တို့အဲလိုတိုက်တွန်းရတဲ့သဘောကတော့ အဲန်အယ်လ်ဒီဟာ သူတို့နဲ့တစုံတရာဝေးကွာနေတာကို ခံစားမိပါတယ်။ ရွှေဂုံတိုင်ကြေညာစာတမ်းဆိုပြီး ထွက်လာတဲ့အချိန်မှာတော့ လူထုကဒီကြေညာစာတမ်းကိုကြည့်ပြီးတော့ အင်မတန်မှသဘောကျတယ်။ ဒီအတိုင်းလုပ်နိုင်ရင်ကောင်းမယ်ဆိုတဲ့ လူထုကြားထဲမှာပျံ့နှံ့နေတဲ့ အသံတွေကျနော်တို့ကြားတယ်။ အခုတခါ ဒေါ်အောင်ဆန်းစုကြည်က လက်တွဲရအောင်တောင်းဆိုနေတဲ့ ကာလမှာဘဲ အဲန်အယ်လ်ဒီကလည်း ပါတီတခုရဲ့ဂုဏ်သိက္ခာကြီးမြင့်မှုနဲ့အတူ လူထုကလည်းလက်ခံတဲ့ တကယ်လည်းဖြစ်သင့်ဖြစ် ထိုက်တဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကို အရိုးကျေကျေ အရေခန်းခန်း အလံမလှဲစတမ်း ဆက်လက်ကိုင်စွဲပြီး တိုက်ပွဲဝင်နိုင်ပါစေ၊ လူထုနဲ့တသားတည်းရှိပါစေလို့ ကျနော်တို့က တိုက်တွန်းလိုက်ခြင်းဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေကို စစ်အစိုးရနဲ့ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့မျှော်လင့်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အားလုံးနဲ့ တွေ့ဆုံစကားပြောခွင့်ပြုဖို့၊ ပြီးရင် ဒီအပေါ်မှာအခြေခံပြီး စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တင်ပြခွင့်ပြုဖို့ စာပို့ထားတာဖြစ်ပါတယ်။

ဒါပေမယ့် စစ်အစိုးရဘက်က ဒီစာနဲ့ပတ်သက်ပြီး လိုက်လျောမယ်၊ မလိုက်လျောဘူးဆိုတဲ့ အကြောင်းပြန်ကြားချက်တစုံတရာ နိုဝင်ဘာ ၁၉ ရက် ကြာသပတေးနေ့ နေ့လည်အထိ မရသေးဘူးလို့ အဲန်အယ်လ်ဒီပါတီက ပြောပါတယ်။

# လယ်သမားများလယ်လုပ်ခွင့်ရရေး ပဲခူးလမ်းပြကြယ် အဖွဲ့အကူအညီတောင်း

**NEJ၊ နိုဝင်ဘာ ၁၈ ။** ။ ပဲခူးတိုင်း၊ မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ စုမှ လယ်ယာမြေများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ပဲခူးလမ်းပြကြယ် အဖွဲ့ကို အကူအညီတောင်းခံထားကြောင်း ဒေသခံလယ်သမားများက ပြောပါတယ်။

"ကျနော်တို့လယ်ယာမြေတွေကိုရယူပြီးလုပ်နေတဲ့ ပုဂ္ဂလိကငါးကန်လုပ်ငန်းကိုဖယ်ရှားပြီး ကျနော်တို့ရဲ့အမည်ပေါက် လယ်ယာမြေတွေကို ပြန်လည်လုပ်ကိုင်ခွင့်ရရေးအတွက် အကူအညီပေးဖို့ တင်ပြထားပါတယ်။" လို့ ဒေသခံလယ်သမားတဦးကပြောပါတယ်။ မင်းလှမြို့နယ်ရှိ ကျေးရွာ ၅၀ ကျော်ပါဝင်တဲ့ ကျေးရွာအုပ်စု ၁၅ စုမှ လယ်မြေဧက ၈၀၀ ကျော်ကို လက်ပံတန်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒု-ဦးစီးမှူးဦးစံမင်းက ၂၀၀၄ ခုနှစ်အတွင်း မြင်က၀-ကျောက်အိုင် မြစ်ရေကာတာကျိုးပေါက်ပျက်စီးမှုကို ပြုပြင်ပေးရစဉ် နိုင်ငံပိုင်စက်ယန္တရားကြီး ၂ စီးဖြင့် ညအချိန်တွင် ဒေသခံလယ်သမားများရဲ့ လယ်ယာမြေများပေါ်မှာ ငါးမွေးကန်တူးဖော်သွားခဲ့တယ်လို့ ဒေသခံလယ်သမားများက ပြောပါတယ်။

ထိုကဲ့သို့ ငါးကန်တူးဖော်ခဲ့တဲ့အပြင် ဒေသခံလယ်သမားများရဲ့ လယ်မြေပြေစာခွန်များကို ၂၀၀၆-၂၀၀၇ တွင် မြို့နယ်မြေစာရင်းရုံးမှ ဖျောက်ဖျက်ခဲ့ပြီး ၂၀၀၇-၂၀၀၈ တွင် ဦးစံမင်းရဲ့ငါးကန်ဧရိယာအားလုံးကို တဦးတည်းအမည်ပေါက်အဖြစ် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးခဲ့တယ်လို့လည်း ဒေသခံလယ်သမားများက ပြောပါတယ်။

အဆိုပါလယ်မြေများ မတရားဖျက်ဆီးသိမ်းပိုက်ခြင်းခံရတဲ့ကိစ္စကို လက်ပံတန်းမြို့နယ် ဂုံမင်းကျေးရွာနေ ဦးကြွယ်ထွန်းက နစ်နာရတဲ့လယ်သမားတွေကို ဦးဆောင်ကာ ၂၃-၃-၂၀၀၄ ရက်တွင် နိုင်ငံအကြီးအကဲများထံတိုင်ကြားခဲ့ရာ ဒေသခံလယ်သမားများနဲ့ အစိုးရဝန်ထမ်းတချို့ကို ခေါ်ယူစစ်မေးခဲ့ပြီး ဦးစံမင်းကို လက်ပံတန်းမြို့နယ်ဆည်မြောင်းမှ နတ္တလင်းမြို့သို့ပြောင်းရွှေ့ပေးခဲ့ရုံမျှသာ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

ဒေသခံလယ်သမားများအနေနဲ့ မိမိလယ်မြေပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးကိုသာ လိုလားကြသည်ဖြစ်ရာ အသိမ်းခံရစဉ်မှစ၍ နစ်စဉ်နိုင်ငံ့အကြီးအကဲများထံတိုင်ကြားနေခဲ့ရာ ၂၀၀၇ ခုနှစ်အတွင်း ဦးဆောင်တိုင်ကြားသူ လယ်သမား ဦးကြွယ်ထွန်းကို ဆည်မြောင်းဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ခေါ်ယူတွေ့ဆုံခဲ့သော်လည်း အကြောင်းမထူးခဲ့ကြောင်း။ ၂၇-၄-၂၀၀၉ ရက်တွင်လည်း အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က ဒေသခံလယ်သမားများကို ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ပြန်သော်လည်း အကြောင်းမထူးသဖြင့် ၂၈-၁၀-၂၀၀၉ ရက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ထပ်မံစာပို့တောင်းဆိုထားတဲ့အပြင် လမ်းပြကြယ်အဖွဲ့ကိုလည်း အကူအညီတောင်းခံလိုက်ခြင်းဖြစ်ကြောင်း ဒေသခံလယ်သမားများက ပြောပါတယ်။

အဆိုပါ လယ်မြေသိမ်းပိုက်ခံထားရမှုနဲ့စပ်လျဉ်း၍ ပဲခူးလမ်းပြကြယ်အဖွဲ့မှ ရှေ့နေကြီးဦးအေးမြင့်က "ပန်းဇီတူးမြောင်းကိုပိတ်ပြီး ငါးကန်ဖော်သွားတာ၊ အဲဒီအနီးတဝိုက်ကလယ်တွေ အကုန်ပါတာပေါ့။ ကျေးရွာ ၅၀ ကျော်က အိမ်ထောင်စုပေါင်း ၂၀၀ ကျော်လောက် နစ်နာနေကြရတာ။ အချက်အလက်တွေအားလုံး စုဆောင်းထားပြီးပါပြီ။ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ။" လို့ပြောပါတယ်။

ပဲခူးလမ်းပြကြယ်အဖွဲ့အနေဖြင့် ကလေးစစ်သားသွပ်သွင်းခံရမှု၊ တောင်သူလယ်သမားများ မတရားပြုကျင့်ခံရမှုများကို ၂၀၀၆ ခုနှစ်မှစတင်ကာ ကူညီဆောင်ရွက်ပေးနေတဲ့အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လယ်ယာမြေသိမ်းပိုက်မှု မှာရှိနေဆဲဖြစ်ပြီး ၂၀၀၇ ခုနှစ်အတွင်း အောင်လံမြို့နယ်အတွင်းရှိ လယ်မြေများကိုသကြားစက်ရုံမြေနေရာအတွက် အစိုးရက သိမ်းပိုက်ခဲ့တဲ့အမှုသည် နာမည်ကြီးခဲ့ပါတယ်။

အဆိုပါအမှုကို အိုင်အယ်လ်အိုက ကူညီဖြေရှင်းပေးခဲ့သဖြင့် လယ်မြေများကို ပြန်လည်လုပ်ကိုင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်ကြားသူလယ်သမား ၁၂ ဦးမှာ အစိုးရရဲ့ဖမ်းဆီးထောင်ချခြင်းခံကြရပါတယ်။

"အိုင်အယ်လ်အိုနဲ့အစိုးရအကြားက နားလည်မှုစာချွန်လွှာကို ကောင်းကောင်းသဘောပေါက်ဖို့လိုတယ်။ အိုင်အယ်လ်အိုအနေနဲ့က အဓိကဖြေရှင်းပေးနိုင်တာက ကလေးစစ်သားစုဆောင်းမှုနဲ့ အဓမ္မလုပ်အားပေးခိုင်းစေမှုတွေဘဲ။ လယ်ယာမြေအသိမ်းခံရတဲ့ကိစ္စတွေက ဥပဒေအကြောင်းကို သေချာနားလည်ထားပြီး ဥပဒေဘောင်ထဲဝင်လာအောင် တင်ပြပေးနိုင်ရတယ်။ ဒါမှသာအောင်မြင်နိုင်မယ်။" လို့ ရှေ့နေကြီးဦးအေးမြင့်ကပြောပါတယ်။

# ဆုချီးမြှင့်သည့်အတွက် အမှန်တရားနှင့် အနုပညာအတွက် အားဖြစ်ဟု ပြော

**DVB၊ နိုဝင်ဘာ ၁၇ ။** ။ ရမည်းသင်းထောင်မှာ ထောင်ဒဏ်ကျခံနေရတဲ့ ကဗျာဆရာစောဝေက သူ့အနေနဲ့ Hellman/ Hammet ဆု ချီးမြှင့်ခံရတာဟာ "လူအများ ကောင်းကျိုးလုပ်ဖို့ အမှန်တရားနဲ့ အနုပညာအတွက် အားပိုဖြစ်စေတယ်" လို့ ဒီနေ့ထောင်ဝင်စာ သွားတွေ့ခဲ့တဲ့ မိသားစုက တဆင့်စကားပါးလိုက် ပါတယ်။

အောက်တိုဘာလ ၁၄ ရက်မှာ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အမေရိကန် ပြဇာတ်ရေးဆရာမ လီလီယမ်ဟဲလ်မန်းကို ဂုဏ်ပြုတဲ့ Helman/ Hammet ဆု ကဗျာဆရာစောဝေကို ချီးမြှင့်ခဲ့တာပါ။ ဒီဆုရကြောင်း ဆရာစောဝေကို ဒီနေ့ထောင်ဝင်စာမှာ ဇနီးဖြစ်သူ မနန်းစမ်းစမ်းအေးက ပြောပြလိုက်တဲ့အတွက် ဆရာစောဝေက အခုလိုစကားပါးလိုက်တာ ဖြစ်ပါတယ်။

"ကျေးဇူးတင်တယ်ပြောပြီး စာလေးရေးပြီးတော့ ပြောခိုင်းလိုက်တယ်။ ဆုပေးတဲ့အဖွဲ့ကို သူကျေးဇူးတင်ပါတယ်တဲ့။ လူအများကောင်း ကျိုးလုပ်ဖို့အမှန်တရားနဲ့ အနုပညာအတွက် အားတွေပိုရပါတယ်တဲ့။ ဆုပေးတဲ့အဖွဲ့နဲ့ အားလုံး လွတ်လပ်စွာ ကျန်းမာချမ်းသာကြပါစေလို့ သူ ဆုတောင်းပေးလိုက်တယ်။ သူရတဲ့ဆုတွေ အစ်မ မသုံးဘူး။ ဒီအတိုင်းသိမ်းထားတာ။ သူက အပြင်ထွက် လာလို့ရှိရင် ဘဝတူတွေကိုလှူတယ်။ အရင် သူဘာမှ မဖြစ်ခင်ကတည်းက အဲလိုလှူတယ် လေ။"

ကဗျာဆရာစောဝေဟာ အကျဉ်းထောင်ထဲမှာ အစာအိမ်နာ ရောဂါနဲ့ မျက်စိတိမ်စွဲ ဝေဒနာကို ခံစားနေရသူတဦးလည်းဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိ ကျန်းမာရေးအခြေအနေက မျက်စိမှာ တိမ်သားတွေ တက်လာပြီး ခွဲဖို့ကလည်း အချိန်မတန်သေးတဲ့အတွက် မခွဲပေးသေးဘူးလို့ မနန်းစမ်းအေးက ပြောပါတယ်။

"သူ့အတွက် ဘကြီးမိုးက ဆေးတွေပေးလိုက်တယ်။ အပြင်ရောက်မှပဲ လုပ်လို့ရမယ်။ သူ့မှာ မျက်မှန်တော့ရှိတယ်။ စာတော့ လျှော့ဖတ်တာပေါ့။ သူက ထမင်းကို သိပ်မစားဘူး၊ စားလို့လည်းသိပ်မရဘူး။"

ကဗျာဆရာစောဝေကို စတင်ဖမ်းခဲ့တာ ဇန်နဝါရီလ ၂၁ ရက် ဖြစ်လို့ ထောင်ဒဏ် ၂ နှစ် တိတိ ပြည့်မယ့်နေ့မှာ လွတ်ရမှာဖြစ်ပေမယ့် ထောင်လွတ်ရက်မှာ ဧပြီလ ၂၇ ရက် ဆိုပြီး ရက်ပေါင်း ၁၃၀ ကွာနေလို့ အထက်အာဏာပိုင်တွေကို ပြန်ပြင်ပေးဖို့ စာတင်ထားတယ်လို့လည်း ပြောပါတယ်။

"သူက ဇန်နဝါရီလ ၂၁ ရက်နေ့ဆို လွတ်မှာ။ ဒါပေမယ့် သူတို့ပေးထားတဲ့ ချုပ်ရက်က ရက်ပေါင်း ၁၃၀ ကျော် သူတို့ ခွာထားတယ်ဆိုရင် ဧပြီ ၂၇ ရက်နေ့မှလွတ်မယ်။ ထောင်ကိုလည်း တရားဝင်ပြောတယ်။ သူတို့က စာတင်ဆိုတော့လည်း အင်းစိန်ထောင်ကိုလည်း တင်တယ်။ ချုပ်ရက်မှားနေကြောင်း နေပြည်တော်က လူကြီးဆီကိုလည်း စာတင်ရတာပေါ့။"

ကဗျာဆရာစောဝေဟာ ၂၀၀၈ က အချစ်ဂျာနယ်မှာ ဖေဖော်ဝါရီ ၁၄ ချစ်သူများနေ့ဆိုတဲ့ ကဗျာကိုရေးသားခဲ့ပြီး ဒီကဗျာရဲ့ ရှေ့ထိပ်စာလုံးတွေကို စီပြီးဖတ်မယ်ဆိုရင် 'အာ-ဏာ-ရူး-ကြီး-မှူး-ကြီး-သန်း-ရွှေ' ဆိုတဲ့စာကြောင်းပေါ်လာတဲ့အတွက် ထောင်ဒဏ် ၂ နှစ် ကျခံနေရတာဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၅ ရက်မှာ ကျင်းပမဲ့ Freedom to Create Imprisoned Artist Prize ဆုအတွက်လဲ နောက်ဆုံး ဆန်ခါတင် ၃ ဦးစာရင်းမှာ ရွေးချယ်ခံရသူ တင်သွင်းခံထားရသူဖြစ်ပါတယ်။

# ခေါင်းဆောင်များနှင့်ဆက်ဆံရေးကွက်လပ်များ

ခင်မမမျိုး

စီးပွားရေးလုပ်ငန်းတွေမှာဖြစ်ဖြစ်၊ နိုင်ငံရေးအဖွဲ့အစည်းတွေမှာဖြစ်ဖြစ်၊ လူမှုရေးလုပ်ငန်းတွေမှာဖြစ်ဖြစ်၊ ဘာသာရေးအဖွဲ့တွေမှာဖြစ်ဖြစ် ခေါင်းဆောင်တွေအများအပြားရှိပါတယ်။ ဒီခေါင်းဆောင်တွေထဲမှာ တချို့က လူအများကြားမှာရေပန်းစားတာ၊ တချို့က နောက်ကွယ်က ကြိုးကိုင်ခေါင်းဆောင်မှုပေးတာ၊ တချို့က လုပ်နည်းလုပ်ဟန်အရ ခေါင်းဆောင်တာ၊ တချို့က အတွေးအခေါ်အရ ခေါင်းဆောင်တာဆိုပြီး ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ခေါင်းဆောင်သူတွေရှိပါတယ်။

ဒီခေါင်းဆောင်တွေထဲမှာမှ ထင်ပေါ်ကျော်ကြားတဲ့ ခေါင်းဆောင်တွေအတွက် ခေါင်းဆောင်မှုအရည်အချင်းတွေ၊ ဆက်ဆံရေးအရည်အချင်းတွေ ပြည့်ဝနေဖို့ အလွန်ဘဲရေးကြီးပါတယ်။ ဒီအရည်အချင်းတွေမှာ ချို့ယွင်းအားနည်းချက်တွေရှိနေရင် မလိုလားအပ်တဲ့ဆိုးကျိုးတွေဖြစ်တဲ့ အဖွဲ့အစည်းတွေပြိုကွဲတာ၊ လုပ်ငန်းတွေပြိုကွဲတာ၊ ရည်မှန်းချက်မပြည့်မီတာတွေ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဆက်ဆံရေးဆိုတာမှာ အဖွဲ့အစည်းရဲ့အသွင်သဏ္ဌာန်ပေါ်မှာမူတည်ပြီး ဆက်ဆံရမယ့်အုပ်စုတွေရှိပါတယ်။

ဥပမာ စီးပွားရေးလုပ်ငန်းတခုရဲ့ ဦးဆောင်ဒါရိုက်တာတယောက်ဟာ ကုမ္ပဏီရဲ့ဒါရိုက်တာဘုတ်အဖွဲ့နဲ့ ဆက်ဆံရပါတယ်။ ဒီလိုဆက်ဆံတဲ့အခါမှာ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ယူရပါတယ်။ စနစ်တကျစီမံခန့်ခွဲမှု၊ လုပ်ငန်းအမြတ်အစွန်းရရှိမှု၊ ပြိုင်ဘက်လုပ်ငန်းတွေကို အနိုင်ယူမှု၊ ဈေးကွက်အခြေအနေကိုမျက်ခြေမပြတ်သုံးသပ်လေ့လာတတ်မှု၊ ဖောက်သည်တွေနဲ့ဆက်ဆံရေး စတာတွေကို ဒါရိုက်တာဘုတ်အဖွဲ့ကလိုလားတဲ့ အရည်အချင်းတွေဖြစ်ပါတယ်။

ဒီအရည်အချင်းတွေကို ဖော်ထုတ်အသုံးပြုနိုင်တဲ့အခါ ဘုတ်အဖွဲ့က လေးစားယုံကြည်မှုတိုးလာပါတယ်။ ဒါက private company တွေမှာပါ။ private comp any ဆိုရင်တော့ ရှယ်ယာထည့်ဝင်ထားသူတွေက အကျိုးအမြတ်ရရှိမှု၊ ဈေးကွက် ထိုးဖောက်နိုင်တဲ့အင်အား၊ လုပ်ငန်းအမည်ကောင်း စတာတွေကိုလိုလားကြပါတယ်။ လုပ်ငန်းကြီးတွေမှာ shareholder အစည်းအဝေးတွေ လုပ်ကြတာက လုပ်ငန်းကိုဦးဆောင်လုပ်နေသူတွေနဲ့ ရှယ်ယာပိုင်ဆိုင်သူတွေအကြားကောင်းမွန်တဲ့ ဆက်ဆံရေးတခုကို တည်ဆောက်တာဘဲဖြစ်ပါတယ်။

ဒီတော့ စီးပွားရေးလုပ်ငန်းခေါင်းဆောင်တယောက်ဟာ ရှယ်ယာပိုင်ဆိုင်သူတွေ၊ ဒါရိုက်တာဘုတ်အဖွဲ့တွေနဲ့ဘဲ ယုံကြည်မှုဆက်ဆံရေးတည်ဆောက်ရုံနဲ့ပြီးမလားလို့မေးစရာရှိပါတယ်။ မပြီးသေးပါဘူး။ အကျိုးတူပူးပေါင်းထားတဲ့လုပ်ငန်းတွေနဲ့ ဆက်ဆံရေး၊ ပြိုင်ဘက်တွေနဲ့ဆက်ဆံရေး၊ ဖောက်သည်တွေနဲ့လုပ်ငန်းအကြား ဆက်ဆံရေး၊ suppliers တွေနဲ့ဆက်ဆံရေးတွေလည်း ရှိပါသေးတယ်။ ဒါတွေအားလုံးထက်ပိုပြီးအရေးကြီးတဲ့ ဆက်ဆံရေးတခုကတော့ မိမိလုပ်ငန်းထဲက ဝန်ထမ်းတွေနဲ့ ဆက်ဆံရေးပါဘဲ။

ပြင်ပလုပ်ငန်းဆောင်တာမှာ သိပ်အလုပ်များသူတွေဟာ ကိုယ်ဦးဆောင်နေတဲ့လုပ်ငန်းတခုရဲ့ ယန္တရားကို လည်ပတ်နေသူတွေကို မေ့တတ်ကြပါတယ်။ တချို့ကလည်း လက်ထောက်ဒါရိုက်တာတွေ၊ မန်နေဂျာတွေကို ယုံကြည်မှုအရှိလွန်ပြီး လူရင်းတွေအနေနဲ့လွှတ်ထားလိုက်၊ တချို့ကကျတော့လည်း အလုပ်များလွန်းလို့ ဂရုမစိုက်ဖြစ်တာတွေဖြစ်ပါတယ်။

ဒီအခါမှာ ကွက်လပ်တွေထွက်လာပါတယ်။ လူတွေရဲ့စိတ်ထဲမှာ အလုပ်နဲ့ပတ်သက်ပြီး ဖောက်လွဲမှုနှစ်မျိုးရှိတတ်ပါတယ်။ တခုက အလုပ်ကိုကြိုးကြိုးစားစားနဲ့ သစ္စာရှိရှိလုပ်ပေမယ့် အသိအမှတ်ပြုခံလိုတာနဲ့ နောက်တခုကကျတော့ အကြောင်း အကျိုး တိုက်ဆိုင်မှုအခြေအနေတခုမှာ သစ္စာဖောက်တာဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ဒီကဏ္ဍမှာ ခေါင်းဆောင်ရဲ့စည်းရုံးရေးကွက်လပ်ဖြစ်နေရင် အလုပ်ခွင်ရဲ့ motivation ကတော့ ကျစမြဲပါဘဲ။

အခုပေးထားတဲ့ဥပမာက လုပ်ခ၊ လစာအပေါ်တည်မှီမှုပါဝင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဖြစ်တတ်တာလေးတွေပါ။ ဒီလိုလုပ်ငန်းတွေမှာတောင် ဒီအခြေအနေတွေဖြစ်တတ်သေးတယ်ဆိုရင် နိုင်ငံရေးအဖွဲ့အစည်းတွေမှာကတော့ ဒီထက်ပိုကြီးမားတဲ့ ခေါင်းဆောင်မှုကွက်လပ်တွေ ဖြစ်လာတတ်တယ်လို့ဆိုရပါမယ်။ နိုင်ငံရေးအဖွဲ့အစည်းဆိုတာမှာ အစိုးရအဖွဲ့၊ ပါတီ၊ တခြားအဖွဲ့အစည်း အသွင်အမျိုးမျိုးရှိပါတယ်။

အစိုးရအဖွဲ့ခေါင်းဆောင်တယောက် (ဝန်ကြီးချုပ်၊ သမတ) ဖြစ်သူဟာ သူ့ရဲ့ကက်ဘိနက်နဲ့ ဆက်ဆံရေး၊ ပါတီတူအမတ်တွေနဲ့ဆက်ဆံရေး၊ အတိုက်အခံပါတီအမတ်တွေနဲ့ဆက်ဆံရေး၊ နိုင်ငံခြားဆက်ဆံရေး၊ ပြည်သူလူထုနဲ့ဆက်ဆံရေး၊ think-tank တွေနဲ့ဆက်ဆံရေးဆိုပြီး ဆက်ဆံရေးအမျိုးအစားများစွာ ရှိပါလိမ့်မယ်။ ဒီဆက်ဆံရေးတွေမှာ စနစ်တကျဖြစ်ဖို့ အလွန်ဘဲအရေးကြီးပါတယ်။

ပြည်သူလူထုနဲ့ဆက်ဆံရေး၊ နိုင်ငံခြားဆက်ဆံရေးတွေ ကောင်းမွန်နေပေမယ့် ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့နဲ့ဆက်ဆံရေးမှာ သတိမမူမိတာလေးတွေကြောင့် ပါတီရဲ့ motivation ကျသွားတာတွေလည်း အများကြီးဘဲရှိခဲ့တယ်။ အစိုးရအဖွဲ့မဟုတ်ဘဲ နိုင်ငံရေးပါတီတွေမှာလည်း ဒီအတိုင်းပါဘဲ။ ဘက်ပေါင်းစုံဆက်ဆံရေး မတည်ဆောက်နိုင်တဲ့ ခေါင်းဆောင်တွေရဲ့ ကွက်လပ်တွေကြောင့် ပြိုလဲချိန့်သွားတဲ့ပါတီတွေအများကြီးဘဲ။ ဒါက တကမ္ဘာလုံးမှာဖြစ်ပျက်နေတာတွေ ဖြစ်ပါတယ်။

မြန်မာပြည်အနေနဲ့ဆိုရင်လည်း ဒီခေါင်းဆောင်မှုကွက်လပ်တွေကို အများအပြားတွေ့မြင်နေရတယ်။ အာဏာရှင်က နိုင်ငံတနိုင်ငံလုံးရဲ့ အုပ်ချုပ်ခွင့်အာဏာနဲ့ စီးပွားရေးအကျိုးအမြတ်ခံစားရယူခွင့် အာဏာတွေကို ရယူထားတာဖြစ်တယ်။ ဒီအတွက် သူ့ဘက်မှာ အာဏာရှင်ဒေါက်တိုင်တွေအများအပြား တည်ဆောက်ယူထားတယ်။ စစ်တပ်ကိုအမိန့်နာခံမှုနဲ့ ထိန်းချုပ်ထားတယ်။ ကြံ့ဖွံ့၊ စွမ်းအားရှင်၊ အရံမီးသတ်တွေကို စီးပွားရေးမက်လုံးများနဲ့ မျှားခေါ်ထားတယ်။

နေ့စားပေးပြီး ရမ်းကားခိုင်းလို့ရမယ့် လူမိုက်တွေမွေးထားတယ်။ ရပ်ကွက်ထဲအထိ အာဏာရှင်စနစ်ရောက်အောင် လုပ်ထားတယ်။ ဒါက ပကတိအခြေအနေမှန်တရပ်ဖြစ်တယ်။ တပြိုင်နက်တည်းမှာဘဲ အဖိနှိပ်ခံပြည်သူလူထုကနေ တော်လှန်ရေးသမားတွေထွက်လာတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေအများအပြား ထွက်လာတယ်။ ထင်ပေါ်ကျော်ကြားတဲ့ ခေါင်းဆောင်တွေထွက်လာတယ်။ ဘယ်ကဘယ်လိုအယူအဆတွေနဲ့ အခြေခံမှန်းမသိတဲ့ "တော်လှန်ရေးကြီးအဓွန့်ရှည်ပါစေ။" ဆိုတဲ့ ကြွေးကြော်သံတွေကလည်း ထွက်လာသေးတယ်။

စနစ်တခုကိုတော်လှန်တဲ့ တော်လှန်ရေးတိုင်းရဲ့နောက်ကွယ်မှာ စနစ်သစ်တခုတည်ဆောက်ရေးဆိုတာ ဒွန်တွဲပါနေတာ။ တော်လှန်ရေးကဘဲအဓွန့်ရှည်နေလို့ ဘယ်အချိန်မှာစနစ်သစ်ကို တည်ဆောက်ကြမှာလည်းလို့မေးစရာဘဲ။ ဒီတော်လှန်ရေးမှာ ရေချိန်အတက် အကျတွေဖြစ်တယ်။ အပြောင်းအလဲတွေဖြစ်တယ်။ မပြောင်းလဲတာ နည်းနည်းဘဲရှိတယ်။ လုပ်နည်းလုပ်ဟန်တွေ၊ အဖွဲ့အစည်း အပြိုင်အဆိုင်စိတ်တွေ၊ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်တာတွေ၊ ပြီးတော့ ခေါင်းဆောင်မှုကွက်လပ်တွေ၊ ဒါတွေမှာတော့ နှစ်ပေါင်းများစွာကြပေမယ့် ပြောင်းလဲခြင်းမရှိဘူး။

လုပ်နည်းလုပ်ဟန်ပြောင်းလဲမှုဆိုတဲ့အခါ ရည်တည်ချက်၊ ရည်မှန်းချက်ပြောင်းလဲမှုတွေနဲ့ ရောနှောပြောတတ်ကြပြန်တယ်။ လုပ်နည်းလုပ်ဟန်နဲ့ ရည်မှန်းချက်ဆိုတာက မတူညီဘူး။ ဆယ်တန်းကိုသုံးခါကျနေတဲ့ ကျောင်းသားတယောက်က အရင်တုန်းက စာဖတ်တဲ့ပုံစံ၊ စာမေးပွဲအတွက် ပြင်ဆင်တဲ့ပုံစံတွေကို ပြောင်းလဲတာဟာ ဆယ်တန်းအောင်ရမယ်ဆိုတဲ့ ရည်မှန်းချက်ပြောင်းလဲတာမဟုတ်ဘူး။

တခါ ဖြတ်သန်းမှုဆိုတာကို ရှေ့တန်းတင်တာတွေလည်းရှိတယ်။ အတွေ့အကြုံဆိုတာ ဆရာတဆူဘဲ။ ဒါဟာအမှန်တရားဘဲ။ ဒါပေမယ့် အတွေ့အကြုံနဲ့အသိဉာဏ်ကို ပေါင်းစပ်ပြီးမှ ဆရာတင်ရတဲ့အခါတွေလည်းရှိတယ်။ အသိဉာဏ်ကိုဘဲဆရာတင်ရတဲ့အခါတွေလည်းရှိတယ်။ အတွေ့အကြုံ အသိဉာဏ်၊ စဉ်းစားတွေးခေါ်မှု၊ လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေရှိမှု စတာတွေ ပေါင်းစပ်မိဖို့အရေးကြီးဆုံးဘဲ ………

ရှေ့တပတ်ဆက်လက်ဖော်ပြပါမည်

# စစ်မှန်သည့်ဆွေးနွေးရေးလုပ်ရန် အဖွဲ့ချုပ် လွှတ်မြောက်နယ်မြေ တောင်းဆို

**DVB। နိုဝင်ဘာ ၁၈ ။**  ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးကို အချိန်အကန့်အသတ်နဲ့အကောင်အထည် ဖေါ်ဆောင်ရွက်ပေးဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်မြောက်နယ် NLD-LA က နအဖကို တောင်းဆိုလိုက်ပါတယ်။

ထိုင်း–မြန်မာ နယ်စပ်တနေရာမှာ ဒီလ ၁၅ ရက်ကနေ ၁၇ ရက်နေ့အထိ ကျင်းပတဲ့ ဆဋ္ဌမအကြိမ်မြောက် ညီလာခံကနေ အခုလို တောင်းဆိုလိုက်တာပါ။ ဒီညီလာခံမှာ အဓိကဆွေးနွေးခဲ့တာတွေကို NLD-LA အတွင်းရေးမှူးဦးမြင့်စိုးက ပြောပါတယ်။

“အဓိက မဟာဗျူဟာမြောက် ရည်မှန်းချက်တွေရှိတယ်။ အဲ့ဒါတွေချမှတ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ဖို့၊ ၁၉၉၀ ရလဒ်ကို အကောင်အထည်ဖော်ဖို့၊ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့၊ ၂၀၀၈ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ဖို့စတဲ့ မဟာဗျူဟာမြောက်တဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရေရှည်လုပ်ငန်းစဉ်တွေ၊ မဟာဗျူဟာမြောက်တဲ့ လုပ်ငန်းစဉ်တွေချမှတ်ပြီး အဓိက ၂၀၁၀ ကို ပြည်တွင်းမှာရှိနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဘယ်လိုဖြတ်သန်းနိုင်တယ်၊ ကျနော်တို့အနေနဲ့ အဲ့ဒီအတွက် ဘာတွေပြင်ဆင်ပေးနိုင်မလဲ၊ ဘာတွေကူညီပေးနိုင်မလဲ စသည်ဖြင့် အဲ့ဒါတွေကို တော်တော်များများဆွေးနွေးဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနဲ့ တိုင်းရင်းသားတရပ်လုံး ပါဝင်နိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တရပ်လုံးထူထောင်နိုင်ဖို့ စုစုစည်းစည်း ညီညီညွတ်ညွတ်လုပ်ကြဖို့ ကျနော်တို့ စဉ်းစားတိုင်ပင်ကြပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်အတွက်အကျိုးရှိစေမယ့်ကိစ္စတွေ ဆွေးနွေးဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့တွေ့ဆုံခွင့် တောင်းဆိုလိုက်တဲ့အပေါ် NLD-LA ရဲ့ သဘောထားနဲ့ ပတ်သက်လို့လည်း ဦးမြင့်စိုးက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တမျိုးသားလုံးရဲ့အကျိုးကိုရှေးရှုပြီးတော့ ကျနော်တို့မာန်မာနတွေမထားပဲနဲ့ ကျနော်တို့ စတင်ကမ်းလှမ်းတယ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မယ်ဆိုရင် တွေ့ဆုံဆွေးနွေးနိုင်မယ်ဆိုရင် အခုလက်ရှိဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့နိုင်ငံရေး အကျပ်အတည်းကနေ ကျနော်တို့ လွန်မြောက်နိုင်မယ်၊ ကျော်လွှားနိုင်မယ်လို့ ကျနော်တို့ယုံကြည်တယ်။ ဒါကြောင့် တမျိုးသားလုံးရဲ့အကျိုးစီးပွားကို ရှေးရှုပြီး ကမ်းလှမ်းချက်ဖြစ်ပါတယ်။ ဒီကမ်းလှမ်းချက်တွေကို ကျနော်တို့ကြိုဆိုပါတယ်။ အဲဒီလိုဆွေးနွေးပွဲဖြစ်လာဖို့အတွက်ကို ကျနော်တို့အဖက်ဖက်ကနေ ဝိုင်းဝန်းပံ့ပိုးသွားမယ်လို့စဉ်းစားကြပါတယ်။ အဲဒီအတွက် ကျနော်တို့ပြင်ဆင်ကြပါတယ်ခင်ဗျ။”

ညီလာခံအပြီး ထုတ်ပြန်တဲ့ကြေညာချက်မှာ ပါတီခေါင်းဆောင်တွေဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ၈၈ မျိုးဆက်ကျောင်းသားတွေ၊ ရဟန်းသံဃာတော်တွေ အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ကန့်သတ်ချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။

၃ ရက်ကြာ ကျင်းပခဲ့တဲ့ ညီလာခံအတွင်း ဆဋ္ဌမအကြိမ်ညီလာခံသက်တမ်းအတွက် ဥက္ကဋ္ဌအဖြစ် ယင်းမာပင်မြို့နယ်အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုသောင်းကို ရွေးချယ်ပြီး ဒုဥက္ကဋ္ဌဒေါက်တာ အေးကျော်၊ အတွင်းရေးမှူးဦးမြင့်စိုးတို့ ဦးဆောင်တဲ့ ဗဟိုကော်မတီအသစ်ကို ရွေးချယ်ဖွဲ့စည်းခဲ့တယ်လို့လည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

---

## ရတနာပုံသတင်းစာအယ်ဒီတာစစ်ဆေးခံနေရ

**RFA। နိုဝင်ဘာ ၁၈ ။**  ။ မန္တလေးမြို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်က ဦးဆောင်ထုတ်ဝေနေတဲ့ နေ့စဉ်ထုတ် ရတနာပုံသတင်းစာရဲ့နိုဝင်ဘာ ၁၃ ရက်နေ့ စွဲနဲ့ထုတ်ဝေတဲ့ သတင်းစာမှာ ပုံမှန်ထည့်နေကျ အစိုးရအာဘော်ဆောင်ပုဒ်တခုမှာ စာလုံးတလုံးကျကျန်ခဲ့တဲ့အတွက် သက်ဆိုင်ရာကအယ်ဒီတာနဲ့တာဝန်ရှိသူတွေကို စစ် ဆေးမေးမြန်းနေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

မန္တလေးစာရေးဆရာတဦးက ရတနာပုံသတင်းစာပါအကြောင်းအရာနဲ့ ခုလက်ရှိ စစ်ဆေးခံနေရတဲ့အကြောင်း RFA ကိုပြောပြပါတယ်။

“မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည် ဆိုတဲ့ နေ့တိုင်းသတင်းစာမှာထည့်တဲ့ စစ်အစိုးရရဲ့ဝါဒဖြန့်တာရှိတယ်။ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်လို့ ဖြစ်ရမှာကို ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင် ဆိုပြီး ‘မ’ ပြုတ်ကျနေခဲ့တာဗျ။ သဘောကတော့ ဒီမိုကရေစီရဖို့ ဆူဆူပူပူလုပ်ရမယ်ဆိုတဲ့ သဘောပေ့ါဗျာ။

ရတနာပုံသတင်းစာဝန်ထမ်းတွေကတော့ စစ်ဆေးတုန်းလို့ကြားတယ်၊ သတင်းစာပို့တဲ့လူတွေက ပြောနေတာပေ့ါနော်။ တမင်သက်သက်လုပ်တာလား၊ မတော်တဆ ဖြစ်တာလားပေ့ါ။ မန္တလေးတမြို့လုံးကတော့ ရယ်ရမှာလား ငိုရမှာလား ဖြစ်နေတယ်။ စောင်ရေက သောင်းချီရှိတာကို အကုန်လုံးပျံ့သွားတာ။”

စာနယ်ဇင်းအသိုင်းအဝိုင်းက စာရေးဆရာတဦးပြောသွားတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရတနာပုံသတင်းစာရဲ့ တခြားသာမန်ဝန်ထမ်းတဦးကို ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ စစ်ဆေးနေတာမျိုးမရှိဘူးလို့ အခုလိုပြောပါတယ်။

“အဲဒါတော့မရှိဘူးခင်ဗျ။ အဲဒီကိစ္စတွေ အသေးစိတ်မသိဘူးခင်ဗျ။ အဲဒီဖုန်းကလည်းပျက်နေတယ်၊ သူကပုဂ္ဂလိကပိုင် မဟုတ်ပါဘူးဗျာ။ အများပိုင်ဘဲဗျ။”

ရတနာပုံသတင်းစာက ဝန်ထမ်းတဦးပြောသွားတာပါ။ ဆူပူမှုဖြင့် ဒီမိုကရေစီရနိုင်ဆိုတဲ့ သတင်းစာရဲ့စာမျက်နှာကို ပြည်တွင်းပြည်ပမှာ အင်တာနက်ပေါ်ကနေ အချင်းချင်း လက်ဆင့်ကမ်း ဖြန့်ဝေနေကြပါတယ်။

---

## အဂတိလိုက်စားမှုမြန်မာထိပ်ဆုံးကပါ

**RFA। နိုဝင်ဘာ ၁၈ ။**  ။ ကမ္ဘာပေါ်က အဂတိလိုက်စားမှု အများဆုံးနိုင်ငံစာရင်းမှာ မြန်မာနိုင်ငံဟာ တတိယမြောက်အဂတိလိုက်စားမှု အများဆုံးနိုင်ငံဖြစ်တယ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ Transparency International က နိုင်ဝင်ဘာ ၁၇ ရက်၊ မနေ့ကထုတ်ပြန်တဲ့ နှစ်ပတ်လည်အစီရင်ခံစာမှာဖော်ပြထားပါတယ်။

ကမ္ဘာပေါ်က အဂတိလိုက်စားမှု အများဆုံးနိုင်ငံတွေထဲမှာ ဆိုမားလီးယား၊ အာဖဂန်နစ္စတန်၊ မြန်မာ၊ အီရတ်နဲ့ ဆူဒန်နိုင်ငံတွေ ထိပ်ဆုံးကဖြစ်ပါတယ်။ အဂတိလိုက်စားမှုအကင်းဆုံးနိုင်ငံတွေထဲမှာ နယူးဇီလန်၊ ဒိန်းမတ်၊ စင်္ကာပူနဲ့ ဆွီဒင်နိုင်ငံတွေပါဝင်ပါတယ်။ ဒီအစီရင်ခံစာမှာ ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေအနေနဲ့ မသမာတဲ့ လျှို့ဝှက်ဘဏ်လုပ်ငန်းတွေ ရပ်တန့်ဖို့ကိုလည်း သတိပေးလိုက်ပါတယ်။

ကမ္ဘာပေါ်ကနိုင်ငံအသီးသီး အဂတိလိုက်စားမှုအဆင့်အတန်းကို ဖော်ထုတ်တဲ့ ဒီအစီရင်ခံစာမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အဂတိလိုက်စားမှုမရှိဘူးလို့ ပြောနိုင်ကြောင်း၊ ဒါပေမယ့် သူတို့ဘဏ်လုပ်ငန်းတွေမှာ မသမာတဲ့ ငွေမည်းခဝါချတဲ့လုပ်ငန်းတွေ လျှို့ဝှက်လုပ်ကိုင်နေကြတာရှိနေတဲ့အတွက် ကမ္ဘာ့ဘယ်နေရာဒေသမှာမှ အဂတိလိုက်စားမှုကင်းတဲ့နိုင်ငံရယ်လို့ မရှိပါဘူးလို့ ဝေဖန်ထားပါတယ်။

မသမာတဲ့ငွေကြေးတွေအတွက် လုံခြုံအာမခံချက်ရှိတဲ့အရပ်ဆိုတာ မရှိသင့်ဘဲ ဖွံ့ဖြိုးပြီးနိုင်ငံတွေကဘဏ်တွေအနေနဲ့ ဆင်ခြေတွေပေးနေတာကို ရပ်သင့်ပါပြီလို့ ဂျာမနီနိုင်ငံ ဘာလင်မြို့အခြေစိုက် TI အဖွဲ့ကြီးရဲ့အကြီးအကဲ Ms. Huguette Labelle က ပြောပါတယ်။ မသမာတဲ့ငွေမည်းတိုက်ဖျက်ရေးဟာ ကမ္ဘာ့စီးပွားရေးနလန်ထူဖို့ ဒေါ်လာသန်းထောင်ပေါင်းများစွာ သုံးစွဲတာထက် ပိုပြီးအရေးကြီးပါတယ်လို့လည်း Ms. Labelle ကပြောပါတယ်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 432 Jun 11, 2009



# နယ်ခြားစောင့်တပ်ပြောင်းရန် ယူဒလျူအက်စ်အေ ငြင်းဆန်နေဆဲ

**DVB၊ နိုဝင်ဘာ ၁၇ ။** ။ တပ်မတော် အဆင့်မြင့်စစ်အရာရှိကြီးတွေက နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲဖို့ ကြိုးပမ်းချက်ဟာ ဒီတကြိမ်ဆွေးနွေး ပွဲမှာလည်း မအောင်မမြင်ဘဲ အဆုံးသတ်သွားပြန်ပြီ ဖြစ်ပါတယ်။

တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့အကြီးအကဲ ဒုဗိုလ်ချုပ်ကြီး ရဲမြင့် အပါအဝင် တပ်မတော်ခေါင်းဆောင်တွေနဲ့ ဝ ပြည်သွေးစည်းညီညွတ်ရေး ပါတီက ခေါင်းဆောင်တွေ အခုလ ဒုတိယအပတ်မှာတွေ့ဆုံခဲ့ကြတယ်လို့ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီက တာဝန်ရှိသူတဦးက အတည်ပြုပြောကြားပါတယ်။

"လာတွေ့တာတော့ ဟုတ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောပိုင်ခွင့်မရှိဘူးလေ။ ဘာမှမပြောနိုင်ဘူး။" အခုအချိန်မှာ ဒီကိစ္စနဲ့ပတ်သက်လို့ ဗဟိုကော်မတီဝင်တွေတောင် ပြန်လည်သုံးသပ်မှု မလုပ်ရသေးတာမို့ အသေးစိတ်မပြောနိုင်ဘူးလို့ သူက ဆိုပါတယ်။

အတည်မပြုနိုင်သေးတဲ့ သတင်းတရပ်ကတော့ အဲဒီနေ့က ရှမ်းပြည်မြောက်ပိုင်း၊ တန့်ယန်းမြို့မှာ ဝ တပ်ဖွဲ့ ကိုယ်စားလှယ်တွေနဲ့ စရဖ အကြီးအကဲ ဒုဗိုလ်ချုပ်ကြီးရဲမြင့်၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်ဦးဆောင်တဲ့အဖွဲ့အကြား နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး ထပ်ပြောခဲ့ကြပြီး သဘောတူညီချက်မရဘူးလို့ဆိုပါတယ်။ အဲဒီဆွေးနွေးပွဲအတွင်း ကိုယ့်တပ်ကိုယ်အုပ်ချုပ်ဖို့ ဝ တပ်ဖွဲ့ရဲ့ တောင်းဆိုချက်ကို နအဖဘက်က ငြင်းပယ်ပြီး စစ်သားသစ် ထပ်မစုဖို့၊ လက်နက် စက်ရုံပိတ်ပစ်ဖို့ တန်ပြန်တောင်းဆိုတယ်လို့ ဝ တပ်ဖွဲ့က တာဝန်ရှိသူတဦး က ပြောပါတယ်။

နယ်ခြားစောင့်တပ်ပြောင်းရေးကိစ္စကို ဒီနှစ်ကုန်ပိုင်း အကြောင်းပြန်ဖို့ ထပ်ချိန်းခဲ့တယ်လို့ဆိုပါတယ်။ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ ခေါင်းဆောင်ပိုင်းကို နီးစပ်တဲ့၊ ပြည်ပမှာအခြေစိုက်တဲ့ လားဟူဒီမိုကရက်တစ်တပ်ဦး ဥက္ကဋ္ဌ ဦးအိုက်လူက ဝပြည်သွေးစည်း ညီညွတ်ရေးပါတီက နယ်ခြားစောင့်တပ် ပြောင်းလဲရေးကို လက်မခံတဲ့ကြောင်း ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်က စစ်ဦးစီးမှူးတဦးကို ကိုးကားပြီး ပြောပါတယ်။

"မနေ့က ကျနော် ဖုန်းဆက်တယ်။ လက်ခံလိုက်ပြီလားလို့ မေးတော့ သူတို့က လုံးဝ လက်မခံသေးဘူးတဲ့။ ဥပမာ သူတို့လူ ၁ ရာမှာ ၃၀ လောက်က နအဖလူ ပါရမယ်ဆိုတဲ့ ပုံစံမျိုးဖြစ်နေတယ်။ လက်နက်ခဲယမ်းမီးကျောက်တွေ အကုန်လုံး နအဖကို အပ်ရမလိုဖြစ်နေတယ်။ ပုံစံက သူတို့စစ်သားတွေ အုပ်ချုပ်မယ်ဆိုတော့ ဝ က လုံးဝလက်မခံဘူး။ သူတို့ကိုယ်ပိုင် လွတ်မြောက်နယ်မြေအနေနဲ့ရှိထားတယ်ဆိုတော့ အဲဒါကို လုံးဝလက်မခံဘူး၊ ဘယ်အချိန်ပြန်ပြီးပြန်ချိန်းမယ် စည်းဝေးမယ်ဆိုတာကိုလည်း သူတို့ မသတ်မှတ်ပေးဘူးလို့ပြောတယ်။"

ပြီးခဲ့တဲ့အောက်တိုဘာ ၁၉ ရက်နေ့က ကျိုင်းတုံလေဆိပ်မှာ အမေရိကန်စစ်လေယာဉ် ၃ စီးရောက်တဲ့ကိစ္စကို ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီကို အမေရိကန်က တိုက်ဖို့လာတာလို့ တပ်မတော်ဘက်က ဝါဒဖြန့်ခဲ့သေးသလို တာချီလိတ်ကို ဝ အုပ်ချုပ်မှုအောက် ထည့်သွင်းပေးမယ်ဆိုတဲ့အပေါ် အဖွဲ့အတွင်း ကွဲပြားတဲ့ စဉ်းစားချက်တွေထွက်ပေါ်ခဲ့တာကြောင့် ဝ တပ်ဖွဲ့က သတင်းကို ထိန်းချုပ်ထားတယ်လို့ သူကပြောပါတယ်။ ဝ တပ်ဖွဲ့မှာ အင်အား ၃ သောင်း ဝန်းကျင်ရှိပြီး အပစ်ရပ်ထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့ တွေထဲမှာ အင်အားအကြီး ဆုံးဖြစ်ပါတယ်။ ဝ တပ်ဖွဲ့နည်းတူ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၊ မွန်ပြည်သစ်ပါ တီနဲ့ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအပါအဝင် အပစ်ရပ်အဖွဲ့တွေဟာ နအဖရဲ့နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး ကမ်းလှမ်းချက်ကို လက်မခံဘဲ ငြင်းဆိုထားပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

To

AIR MAIL

PRINTED MATTER